ကြေးမုံ
The Mirror

၁၃၆၇ ခုနှစ်၊ ဝါခေါင်လဆန်း ၇ရက်၊ ကြာသပတေးနေ့၊ (11-8-2005) (၄၆၈၄)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက် စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည်နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

လက်တစ်ဆုပ်စာ လူတစ်စုနှင့် ပြည်ပနိုင်ငံအချို့က လူ့အခွင့်အရေး၊ ဒီမိုကရေစီအရေး အကြောင်းပြကာ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် ဖိအားပေးအကျပ်ကိုင်နေခြင်းသည် နိုင်ငံတကာကျင့်ဝတ်နှင့် မညီ လွတ်လပ်သည့် ကိုယ်ပိုင်အမျိုးသားရေး ရပ်တည်ချက်ကို ထိပါးစေသော နှောင့်ယှက်မှုများအဖြစ်မြင် ဒို့တာဝန်အရေးသုံးပါးကို ထိပါးမှု၊ ပြည်ထောင်စုကြီးပြိုကွဲစေရန် ဆောင်ရွက်မှုဟူသမျှကို တိုင်းရင်းသားလူမျိုးများအားလုံးက ပြည်သူ့စွမ်းအား၊ စည်းလုံးမှုအင်အားဖြင့် တွန်းလှန်ဖယ်ရှား

ရန်ကုန် ဩဂုတ် ၁၀

"ပြည်တွင်း ပြည်ပ အဖျက်သမားများအန္တရာယ်ကို ပြည်သူ့စွမ်းအား စည်းလုံးမှုအင်အားဖြင့် ကာကွယ်ရေး" လူထုအစည်းအဝေးကို ဩဂုတ် ၃ ရက် နံနက် ၈ နာရီတွင် ဧရာဝတီတိုင်း ပုသိမ်မြို့ မြို့တော်ခန်းမ၌ ကျင်းပသည်။ (အောက်ပုံ)

စာမျက်နှာ ၈ ကော်လံ ၁ သို့ ❀

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။

ကြေးမုံ
The Mirror
၁၁-၈-၂၀၀၅
(ကြာသပတေးနေ့)

အပြုသဘောစွမ်းအားစုများ၏ စွမ်းပကားမြှင့်တင် အမျိုးသားရေးသတိဖြင့် ဆက်လက်ကြိုးပမ်းဆောင်ရွက်

မြန်မာနိုင်ငံသည် ယဉ်ကျေးမှုအဆင့်အတန်း မြင့်မားပြီး စည်းလုံးညီညွတ်သော ပြည်ထောင်စုကြီးအဖြစ် နှစ်ပေါင်းများစွာ ရပ်တည်လာခဲ့သည်။ ကိုလိုနီနယ်ချဲ့တို့က မြန်မာနိုင်ငံကို ကျူးကျော်စစ်ပြု၍ သိမ်းပိုက်ခဲ့သည့်အတွက် ကြမ်းတမ်းခက်ခဲသော သမိုင်းကြောင်းကို ဖြတ်သန်းကျော်လွှားခဲ့ကြရသည်။ ကိုလိုနီနယ်ချဲ့လက်သစ်များ၏ စွက်ဖက်နှောင့်ယှက်မှုများကို ရင်ဆိုင်တွန်းလှန်နေရဆဲပင်ဖြစ်သည်။

ယနေ့ကာလတွင် နိုင်ငံတော်အစိုးရက နိုင်ငံတော် တည်ငြိမ်အေးချမ်းသာယာရေး၊ ဖွံ့ဖြိုးတိုးတက်ရေး၊ တိုင်းရင်းသား စည်းလုံးညီညွတ်ရေး၊ အမျိုးသားစီးပွားရေးဘဝ တောင့်တင်းခိုင်မာရေးဟူသည့် အမျိုးသားရေးမဏ္ဍိုင်ကြီးများ ခိုင်ခံ့ မြဲမြံစေရန် ကြိုးပမ်းရင်း ဒီမိုကရေစီနိုင်ငံတော်ကို ပုံဖော်တည်ဆောက်လျက်ရှိသည်။

အမျိုးသားရေး အကျိုးစီးပွားအတွက် အကောင်းဆုံးနှင့် အမှန်ကန်ဆုံးသော အမျိုးသားရေးလမ်းကြောင်းအဖြစ် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်ကို ရွေးချယ်လျက်လျှောက်လှမ်းနေသည်။ နိုင်ငံတော်၏ မှန်ကန်သော ဦးဆောင်မှုနှင့်အတူ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် တပ်မတော်တို့က ဦးထမ်းပဲ့ထမ်း လက်တွဲကြိုးပမ်းလျက်ရှိရာ နိုင်ငံတော်သည် ဖွံ့ဖြိုးတိုးတက်မှုလမ်းကြောင်းမှန်ပေါ်သို့ ရောက်ရှိနေပြီဖြစ်သည်။

ယင်းကဲ့သို့ ပြည်သူတစ်ရပ်လုံး၏ စည်းလုံးညီညွတ်မှု စွမ်းပကားဖြင့် ပါဝင်ကြိုးပမ်းအကောင်အထည်ဖော်ဆောင်မှုဖြင့် မြန်မာနိုင်ငံဖွံ့ဖြိုးတိုးတက်နေသည်ကို မလိုလားကြသည့် နိုင်ငံကြီးအချို့နှင့် ပြည်တွင်းပြည်ပ အဖျက်အမှောင့်သမားများက နည်းလမ်းအမျိုးမျိုးဖြင့် ထိပါးနှောင့်ယှက်မှုများ ပြုလုပ်လာလျက်ရှိသည်။

မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်သည် ဗဟိုဝန်ထမ်းတက္ကသိုလ်(ဖောင်ကြီး)၌ ဇူလိုင်လ ၂၉ ရက်နေ့က ကျင်းပသည့် တက္ကသိုလ်၊ ကောလိပ် ဆရာ၊ ဆရာမများ အထူးမွမ်းမံသင်တန်းအမှတ်စဉ်(၇)သင်တန်းဆင်းပွဲသို့ တက်ရောက်၍ အမှာစကားပြောကြားရာ၌ ပြည်တွင်း၊ ပြည်ပအဖျက်သမားများ၏ လုပ်ရပ်များကို တွန်းလှန်ဖယ်ရှားနိုင်ရေးအတွက် ဆွေးနွေးပြောကြားခဲ့သည်။

အတွင်းရေးမှူး(၁)ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က အမှာစကားပြောကြားရာတွင် **အောင်မြင်တိုးတက်မှု အခြေခံကောင်းများ ဖြစ်ထွန်းပြီး အမျိုးသားရေးမျှော်မှန်းချက်ပန်းတိုင်နှင့် နီးကပ်လာသည်နှင့်အမျှ ဆန့်ကျင်ဟန့်တား နှောင့်ယှက်မှု အဖျက်အမှောင့်လုပ်ငန်းများသည်လည်း ပိုမိုအရှိန်မြှင့်လုပ်ဆောင်လာမှာ မွှေတာပင်ဖြစ်သည့်အတွက် အပြုသဘော စွမ်းအားစုများ၏ စွမ်းပကားကို ထပ်ဆင့်မြှင့်တင်ပြီး မပြတ်သော အမျိုးသားရေးသတိဖြင့် ဆက်လက်ကြိုးပမ်း ဆောင်ရွက်သွားကြရမည် ဖြစ်ကြောင်း** မှာကြားသွားသည်။

မြန်မာနိုင်ငံ၏ တည်ငြိမ်အေးချမ်းမှုနှင့် ဖွံ့ဖြိုးတိုးတက်မှု အခြေခံကောင်းများပျက်ပြားစေရန် ကိုလိုနီနယ်ချဲ့လက်သစ် နိုင်ငံကြီးအချို့နှင့် ပြည်တွင်းပြည်ပက နယ်ချဲ့အလိုတော်ရိ အဖျက်သမားများက ထိပါးနှောင့်ယှက်လျက်ရှိရာတွင် စီးပွားရေးပိတ်ဆို့မှုများ၊ နိုင်ငံရေးဖိအားပေးမှုများ၊ ပြည်ထောင်စုထဲမှခွဲထွက်ရန် ကြံစည်မှုများနှင့် အကြမ်းဖက်ဗုံးဖောက်ခွဲမှုလုပ်ရပ်များအထိ ပါဝင်နေသည်ကို တွေ့ရသည်။

ယင်းသို့သော အခြေအနေအချိန်အခါမျိုးတွင် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးအနေဖြင့် အတွေးအခေါ် အသိအမြင် ကြွယ်ဝမှု၊ နိုင်ငံချစ်စိတ်၊ မျိုးချစ်စိတ်ဓာတ်ထက်သန် မြင့်မားမှုတို့ဖြင့် ပြည်တွင်း ပြည်ပအဖျက်သမားများ၏ သွေးထိုးမြှောက်ပင့် နှောင့်ယှက်မှုလုပ်ရပ်များကို တွန်းလှန်ဖယ်ရှားကြရမည်ဖြစ်သည်။

သို့ဖြစ်ရာ နိုင်ငံတော်အစိုးရ၊ ပြည်သူနှင့် တပ်မတော်ဟူသည့် အပြုသဘောစွမ်းအားစုများ၏ စွမ်းပကားကို ပိုမိုခိုင်မာသည်ထက်ခိုင်မာအောင် မြှင့်တင်ရင်း မပြတ်သောအမျိုးသားရေးသတိဖြင့် နိုင်ငံတော်၏ ရည်မှန်းချက်များ အောင်မြင်စေရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားနိုင်ကြမည်ဟု ကြေးမုံက ယုံကြည်ပါသည်။ ။

ပြည်သူ့သဘောထား

- ★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့်နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

တေရသမအကြိမ် (၁၃ ကြိမ်) မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ရည်ရွယ်ချက်များ

၁။ မျိုးချစ်စိတ်ဓာတ်နှင့် ဇာတိသွေး ဇာတိမာန်ထက်မြက်မြင့်မားရန်။
၂။ မြန်မာ့ရိုးရာယဉ်ကျေးမှု အမွေအနှစ်များ ထိန်းသိမ်းစောင့်ရှောက်ရန်။
၃။ မြန်မာ့ဂီတ၊ မြန်မာ့အကနှင့် မြန်မာတို့၏ ရိုးရာယဉ်ကျေးမှု အနုပညာစစ်စစ် ဆက်လက် ထွန်းကားပြန့်ပွားရန်။
၄။ မြန်မာတို့၏အမျိုးသားရေးစရိုက်လက္ခဏာများ ထိန်းသိမ်းရန်။
၅။ လူငယ်ထု၏ စိတ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှု ဖြစ်ထွန်းရန်။
၆။ တိုင်းတစ်ပါးယဉ်ကျေးမှု လွှမ်းမိုးခြင်းမှ ကာကွယ်တားဆီးရန်။
၇။ တိုင်းရင်းသား စည်းလုံးညီညွတ်မှုနှင့် ပြည်ထောင်စုစိတ်ဓာတ် ပိုမိုခိုင်မာ ရှင်သန်လာစေရန်။

သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်တားဆီးရေး လူထုလှုပ်ရှားမှုဖြင့် ဆောင်ရွက်

ရန်ကုန် ဩဂုတ် ၁၀

ကျန်းမာရေးဝန်ကြီးဌာန ကျန်းမာရေးဦးစီးဌာနနှင့် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ကျန်းမာရေးဌာနတို့ပူးပေါင်း၍ သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်တားဆီးရေး လူထုလှုပ်ရှားမှုဖြင့် ဆောင်ရွက်မှုများကို ယမန်နေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့တော် စည်ပင်သာယာနယ်နိမိတ်အတွင်းရှိ မြို့နယ်ကိုးမြို့နယ်တို့၌ တစ်ပြိုင်တည်းကျင်းပရာ ရန်ကုန်အရှေ့ပိုင်းခရိုင် ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်တားဆီးရေး လူထုလှုပ်ရှားမှုဖြင့် ဆောင်ရွက်ရာသို့ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ၊ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းနှင့် ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီးမောင်ပါတို့ သွားရောက်ကြည့်ရှုစစ်ဆေးကြပြီး လိုအပ်သည်များကို ဆွေးနွေးမှာကြားကြသည်။

ရှေးဦးစွာ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ ဝန်ကြီး ဒေါက်တာကျော်မြင့်၊ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းနှင့် ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီးမောင်ပါတို့သည် နံနက် ၇နာရီခွဲတွင် ရန်ကုန်အရှေ့ပိုင်းခရိုင် ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် အမှတ်(၁၀)ရပ်ကွက် ပင်လုံလမ်းရှိ မြို့နယ်စည်ပင်သာယာအုပ်ချုပ်ရေးမှူးရုံးသို့ ရောက်ရှိကြရာ ရုံးခန်းမ၌ ရန်ကုန်မြို့တော် စည်ပင် သာယာရေးကော်မတီ ကျန်းမာရေးဌာန ဌာနမှူးဒေါက်တာတင်မောင်ဝင်း၊ ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ် ကျန်းမာရေးဦးစီးမှူး ဒေါက်တာဒေါ်သန်းလှနှင့် တိုင်းကျန်းမာရေးဦးစီးမှူး ဒေါက်တာလှမြင့် တို့က ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ်အတွင်းရှိ ရပ်ကွက် ၂၅ ရပ်ကွက်၌ သောက်သုံးရေ ရရှိသုံးစွဲမှု၊ လအလိုက်၊ နှစ်အလိုက်၊ အသက်အရွယ် အပိုင်းအခြားအလိုက် သွေးလွန်တုပ်ကွေးရောဂါဖြစ်ပွားမှုနှင့် ကာကွယ်တားဆီးရေးလုပ်ငန်းများ ဆောင်ရွက်နေမှု၊ ရန်ကုန်တိုင်းအတွင်း ခရိုင်လေးခရိုင်ရှိ မြို့နယ်များအလိုက် သွေးလွန်တုပ်ကွေးရောဂါဖြစ်ပွားမှု၊ ကာကွယ်တားဆီးရေးနှင့် ပညာပေးလုပ်ငန်းများ ဆောင်ရွက်နေမှု၊ ရောဂါဖြစ်ပွားနိုင်သည့် ပိုးလောက်လမ်းတွေ့ရှိမှု၊ ပညာရေးဝန်ကြီးဌာနနှင့် ပူးပေါင်းကာ ကျောင်းများ၌ ပိုးလောက်လမ်းကင်းစင်သည့် ကျောင်းများဖြစ်စေရန် ဆောင်ရွက်နေမှု အခြေအနေများကို ကဏ္ဍများအလိုက် ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ ရန်ကုန်အရှေ့ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး မောင်မောင်ရှိန်က ရန်ကုန်အရှေ့ပိုင်းခရိုင်အတွင်း သွေးလွန်တုပ်ကွေးရောဂါဖြစ်ပွားမှုနှင့် ရပ်ကွက်များ၊ ကျောင်းများ၌ သက်ဆိုင်ရာမြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီများက ဦးဆောင်၍ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့်ပူးပေါင်းကာ သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်တားဆီးနှိမ်နင်းရေးလုပ်ငန်းများ စဉ်ဆက်မပြတ်ဆောင်ရွက်နေမှု အခြေအနေကိုလည်းကောင်း၊ မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးစိုးဝင်းက သွေးလွန်တုပ်ကွေးရောဂါ ကာကွယ် တားဆီးနှိမ်နင်းရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် အသင်းဝင်များ ပါဝင်ပူးပေါင်းဆောင်ရွက်ပေးမှု အခြေအနေများကို လည်းကောင်း၊ ကျန်းမာရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာရဲမြင့်နှင့် တာဝန်ရှိသူများက သွေးလွန်တုပ်ကွေး ရောဂါဖြစ်ပွားရခြင်း၏ သဘောသဘာဝနှင့် အိမ်နီးချင်းနိုင်ငံများ၌လည်း ရောဂါဖြစ်ပွားမှု အခြေအနေ၊ ရန်ကုန်တိုင်းအတွင်း ကာကွယ်တားဆီးနှိမ်နင်းရေးလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို လည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ထို့နောက် တိုင်းမှူးဗိုလ်ချုပ်မြင့်ဆွေ၊ ဝန်ကြီးဒေါက်တာကျော်မြင့်၊ မြို့တော်ဝန် ဗိုလ်မှူးချုပ် အောင်သိန်းလင်းနှင့် ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီးမောင်ပါတို့က သွေးလွန်တုပ်ကွေး ရောဂါဖြစ်ပွားမှုနှုန်း သိသိသာသာကျဆင်းအောင် ဆောင်ရွက်ရေး၊ ရောဂါဖြစ်ပွားမှု စာရင်းဇယား တိတိကျကျ ကောက်ယူ၍ ထိထိရောက်ရောက် ကြပ်မတ်ကူသရေး၊ မြို့နယ်ကျန်းမာရေးကော်မတီဥက္ကဋ္ဌ၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများက ဦးဆောင်၍ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ပူးပေါင်းကာ ကျန်းမာရေး အသိပညာပေးခြင်းလုပ်ငန်းများ ပိုမို လုပ်ဆောင်ရေးတို့နှင့် စပ်လျဉ်း၍ ဆွေးနွေးမှာကြားကြသည်။

ယင်းနောက် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ ဝန်ကြီးဒေါက်တာကျော်မြင့်၊ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်း၊ ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီးမောင်ပါနှင့် တာဝန်ရှိသူများသည် ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် အမှတ်(၃၄)ရပ်ကွက် လောပိတလမ်းနှင့် သရဖီ(၆)လမ်းတို့၌ မြို့နယ်နှင့် ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ ကျန်းမာရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ မြို့တော်စည်ပင် ကျန်းမာရေးဌာနမှ ဝန်ထမ်းများ၊ မြို့နယ်လူမှုရေး အသင်းအဖွဲ့ဝင်များ၊ ရပ်ကွက်နေပြည်သူများ စုပေါင်းကာ သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်တားဆီးနှိမ်နင်းရေး လုပ်ငန်းများဖြစ်သည့် ရေနုတ်မြောင်းများ ရှင်းလင်းခြင်း၊ ဆေးဖျန်းခြင်း၊ နေအိမ်များအတွင်း ဆေးမှုတ်ခြင်း၊ ရေတွင်းရေကန်များအတွင်း လောက်လမ်းစားငါးများ ထည့်သွင်းမွေးမြူခြင်း၊ ABADE ဆေးခတ်ခြင်း၊ ဖုံး၊ သွန်၊ လဲ၊ စစ် လုပ်ငန်းများ ဆောင်ရွက်နိုင်ရန် သရုပ်ပြသခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် အမှတ်(၃၄)ရပ်ကွက်ရှိ အခြေခံပညာ မူလတန်းလွန်ကျောင်း အမှတ်(၁၄)၌ သွေးလွန်တုပ်ကွေးရောဂါကြိုတင် ကာကွယ်တားဆီးရေးဆိုင်ရာ ပညာပေး ဟောပြောနေမှု အခြေအနေများကို လိုက်လံကြည့်ရှု စစ်ဆေးကြပြီး ရပ်ကွက်နေ ပြည်သူများအား ရင်းနှီးစွာ နှုတ်ဆက်အားပေးကြသည်။

(သတင်းစဉ်)

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်မြင့်ဆွေ၊ ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်၊ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းနှင့် ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီးမောင်ပါ ဒဂုံမြို့သစ်မြောက်ပိုင်းမြို့နယ် အမှတ်(၃၄)ရပ်ကွက် သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်တားဆီးရေးဆိုင်ရာ ပညာပေးဟောပြောနေမှု အခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးပြီး ရပ်ကွက်နေ ပြည်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးစဉ်။ (ရန်ကုန်တိုင်း)

ဝန်ကြီး ဗိုလ်ချုပ်မောင်ဦး သင်တန်းဖွင့်ပွဲတက်ရောက်

ရန်ကုန် ဩဂုတ် ၁၀

အကျဉ်းဦးစီးဌာန ထောင်ပိုင်သင်တန်းအမှတ်စဉ်(၄)နှင့် ကျောက်ထုတ်လုပ်ငန်းအရာရှိ(မွမ်းမံ) သင်တန်းအမှတ်စဉ်(၂)ဖွင့်ပွဲကို ဩဂုတ် ၈ ရက် မွန်းလွဲ ၁နာရီတွင် ပြည်ထဲရေးဝန်ကြီးဌာန အင်းစိန်မြို့ရှိ အကျဉ်းဦးစီးဌာန၌ ကျင်းပရာ ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်ဦး တက်ရောက်၍ အမှာစကားပြောကြားသည်။

သင်တန်းဖွင့်ပွဲသို့ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ဘုန်းဆွေ၊ ပြည်ထဲရေးဝန်ကြီးဌာနမှ ရဲချုပ်နှင့် ညွှန်ကြားရေးမှူးချုပ်များ၊ အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီ ကော်မတီ ကိုယ်စားလှယ်များ၊ နည်းပြများနှင့် ဧည့်သည်များတက်ရောက်ကြသည်။

သင်တန်းသို့ သင်တန်းသား ၄၀တို့ တက်ရောက်ကြသည်။ (သတင်းစဉ်)

ကြက်မွေးမြူထိန်းသိမ်းခြင်း သင်တန်းဖွင့်ပွဲကျင်းပ

ရန်ကုန် ဩဂုတ် ၁၀

မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန မွေးမြူရေး၊ အစားအစာနှင့် နို့ထွက်ပစ္စည်းလုပ်ငန်း၏ မိဘမျိုးဥစားကြက်မွေးမြူ ထိန်းသိမ်းစောင့်ရှောက်ခြင်း သင်တန်းဖွင့်ပွဲကို ဩဂုတ် ၈ရက် နံနက် ၉နာရီတွင် ရန်ကုန်မြို့ အင်းစိန်မြို့နယ် ဘူတာရုံလမ်းရှိ မွေးမြူရေး၊ အစားအစာနှင့် နို့ထွက်ပစ္စည်းလုပ်ငန်း(ရုံးချုပ်) အစည်းအဝေးခန်းမ၌ကျင်းပရာ မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်း တက်ရောက်၍ အမှာစကားပြောကြားသည်။

သင်တန်းသို့ တိုင်းစစ်ဌာနချုပ်နှင့် တပ်မဌာနချုပ်များမှ အရာရှိ၊ စစ်သည် သင်တန်းသား ၁၆ဦးနှင့် မွေးမြူရေး၊ အစားအစာနှင့် နို့ထွက်ပစ္စည်းလုပ်ငန်းမှ သင်တန်းသား၊ သင်တန်းသူလေးဦးတို့တက်ရောက်ကြပြီး သင်တန်းကာလမှာ ရက်သတ္တ နှစ်ပတ်ကြာမြင့်မည်ဖြစ်သည်။ (သတင်းစဉ်)

ဂျပန်နိုင်ငံမှ မှာယူထားသော DT22C Rail Bus **အပေါ့စား လူစီးရထား စက်ခေါင်းသုံးခေါင်းကို မြန်မာ့ကြယ်ငါးပွင့်သင်္ဘောလုပ်ငန်းပိုင် မကွေးသင်္ဘောပေါ်မှ အလုံမြို့နယ်ရှိ** Asia World **ဆိပ်ကမ်းတွင် သယ်ချစဉ်။** (ရထား)

ဂျပန်နိုင်ငံမှ လူစီးရထားစက်ခေါင်းများရောက်ရှိ ရန်ကုန်မြို့ပတ်နှင့် ဆင်ခြေဖုံး ပြေးဆွဲပေးမည်

ရန်ကုန် ဩဂုတ် ၁၀

ဂျပန်နိုင်ငံမှ မှာယူထားသော DT22C Rail Bus အပေါ့စား လူစီးရထား စက်ခေါင်းသုံးခေါင်းသည် ယနေ့နံနက် ၁၁နာရီတွင် မြန်မာ့ကြယ်ငါးပွင့်သင်္ဘောလုပ်ငန်းပိုင် မကွေးသင်္ဘောဖြင့် ရန်ကုန်မြို့ အလုံမြို့နယ်ရှိ Asia World ဆိပ်ကမ်းသို့ ဆိုက်ရောက်လာရာ ရထားပို့ဆောင်ရေးဝန်ကြီးဌာနနှင့် မြန်မာ့ မီးရထားတို့မှ တာဝန်ရှိသူများက စက်ခေါင်းများချယူနေမှုကို ကြည့်ရှုစစ်ဆေးကြသည်။

အဆိုပါ အပေါ့စားလူစီးရထားစက်ခေါင်း သုံးခေါင်းကို ရန်ကုန်မြို့ပတ် ရထားလမ်းပိုင်းနှင့် ဆင်ခြေဖုံး ရထားလမ်းပိုင်းတို့တွင် ခရီးသည်များ ပိုမိုအဆင်ပြေ လွယ်ကူစွာသွားလာနိုင်ရန် ပြေးဆွဲပေးသွားမည်ဖြစ်ကြောင်း သိရသည်။ (သတင်းစဉ်)

ဆရာကြီး ဦးစံတင်အောင်(ရွှေဘို) ရေးသား ပြန်ဆိုသော ကြီးပွားချမ်းသာစေသော အဓိက သော့ချက်များ စာအုပ်(တတိယ အကြိမ်ထုတ်) အုပ်ရေ၁၀၀တန်ဖိုး ကျပ် သုံးသိန်း၊ ပြည့် အားမာန် မဂ္ဂဇင်းအုပ်ရေ ၅၀ နှင့် အလှူငွေကျပ် တစ်သိန်း တို့ကို မြန်မာနိုင်ငံ စာကြည့်တိုက်အသင်းသို့ ဩဂုတ် ၆ရက်က လှူဒါန်းရာ ဥက္ကဋ္ဌ ဦးခင်မောင်တင် လက်ခံယူစဉ်။ (က-ပ)

အချိုရည်နှင့်ပတ်သက်၍ အများပြည်သူသိရှိရန် အသိပေးနှိုးဆော်ချက်

၁။ ကျန်းမာရေးဝန်ကြီးဌာနသည် အရည်အသွေးစစ်မှန်ကောင်းမွန်ပြီး အန္တရာယ်ကင်းရှင်းသော အစားအသောက်များကို အများပြည်သူတို့စားသုံးနိုင်ရန်နှင့် အစားအသောက်များ၏အရည်အသွေးကို ထိန်းသိမ်းနိုင်ရေးအတွက် စိစစ်ဆောင်ရွက်လျက်ရှိပါသည်။

၂။ အစားအသောက်(အချိုရည်)များ၏ အရည်အသွေးစိစစ်ဆောင်ရွက်ရာတွင် နမူနာများကို ဈေးကွက်မှ ပုံမှန်ဝယ်ယူစစ်ဆေးခြင်းမှာ ကျန်းမာရေးဦးစီးဌာန၏ လုပ်ငန်းဆောင်ရွက်ချက်တစ်ရပ်အနေနှင့် ပါဝင်ပါသည်။

၃။ ဈေးကွက်များတွင် အချိုရည်နမူနာများကိုဝယ်ယူစိစစ်ရာ အောက်ဖော်ပြပါအချိုရည်များမှာ ကျန်းမာရေးဦးစီးဌာန၏ အစားအသောက်ထုတ်လုပ်ခြင်းထောက်ခံချက် လက်မှတ်ရရှိထားခြင်းမရှိသည့်အပြင် ဓာတ်ခွဲစစ်ဆေးချက်အရ စားသုံးရန်မသင့်သော အချိုရည်များဖြစ်ကြောင်း အသိပေးအပ်ပါသည်။

စဉ်	အမှတ်တံဆိပ်	ကုမ္ပဏီအမည်	လိပ်စာ
၁။	Lucky	Fruits World Product Co.,Ltd	Yangon,Myanmar
၂။	Hello	(ဖော်ပြထားခြင်းမရှိ)	Shwe Pyi Thar Industrial Zone
၃။	Happy	Happy Production	Yangon, Myanmar
၄။	SOLO (Zest)	Aung Kaung Myat Co.,Ltd	(ဖော်ပြထားခြင်းမရှိ)

၄။ ကျန်းမာရေးဦးစီးဌာန၏ အစားအသောက်ထုတ်လုပ်ခြင်း ထောက်ခံချက်ရရှိထားသော အစားအသောက် (အချိုရည်)များမှာ အရည်အသွေးအာမခံချက်ရှိပြီး အန္တရာယ်ကင်းစင်ကြောင်း ဖော်ပြအပ်ပါသည်။

၅။ ကျန်းမာရေးဦးစီးဌာန၏ အစားအသောက်ထုတ်လုပ်ခြင်း ထောက်ခံချက်လက်မှတ် ရရှိခြင်းမရှိသေးဘဲ အစားအသောက်(အချိုရည်)များ ထုတ်လုပ်ခြင်းမပြုလုပ်ရန်နှင့် ဖော်ထုတ်တွေ့ရှိပါက တည်ဆဲဥပဒေအရ အရေးယူခြင်းခံရမည်ဖြစ်ကြောင်း သတိပေးအပ်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၁၁-၈-၂၀၀၅

(ကြာသပတေးနေ့)

၇း၀၀	MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်
၇း၀၅	တေးဂီတအစီအစဉ်
၇း၁၀	အနုပညာကြယ်ပွင့်များနှင့် တွေ့ဆုံခြင်း (ဆုန်သင်းပါရ်နှင့်တွေ့ဆုံခြင်း)
၇း၄၅	ပြည်တွင်းသတင်းအကျဉ်း
၇း၅၀	တေးဂီတအစီအစဉ်
၇း၅၅	ဟင်းသီးဟင်းရွက် စင်တင်သီးနှံစိုက်ပျိုးနည်း
၈း၀၀	တေးဂီတအစီအစဉ်
၈း၀၅	(၂၃)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲအကြို အားကစားအဖွဲ့ချုပ်များ၏ လေ့ကျင့်ပြင်ဆင်နေမှုများ (လက်ဖွေ့)
၈း၂၀	နိုင်ငံတကာသတင်းအကျဉ်း
၈း၂၅	တေးဂီတအစီအစဉ်
၈း၃၀	လူ့ဘောင်ဆိုးကျိုးကာကွယ်ဖို့ အိုင်အိုဒင်းဆားစားကြစို့
၈း၃၅	တေးဂီတအစီအစဉ်
၈း၄၀	Management Talk
၉း၀၅	ပြည်တွင်း သတင်းအကျဉ်း
၉း၁၀	Say It In English
၉း၂၀	တေးဂီတအစီအစဉ်
၉း၂၅	လွယ်ကူသက်သာ မြန်မာ့ဟင်းလျာ
၉း၄၅	နိုင်ငံတကာသတင်းအကျဉ်း
၉း၅၀	တေးဂီတအစီအစဉ်
၉း၅၅	မိုးလေဝသ ခန့်မှန်းချက်
၁၀း၀၀	မှတ်ပုံတင်ကစကြရအောင် (ထွန်းထွန်းဝင်း၊ ရတနာခင်)
၁၀း၁၅	UEFA Stories Best Players(2)
၁၀း၄၀	မြန်မာ့ကြယ်လိပ် ထိန်းသိမ်းစောင့်ရှောက်ရေး
၁၀း၅၀	တေးဂီတအစီအစဉ်
၁၀း၅၅	ဖြစ်ထွန်းစီးပွား ဧရာဝတီတိုင်းမှ ပုသိမ်တံတား
၁၁း၀၀	MRTV-4 အပိတ် Logo

အထက်ပါ (၄)နာရီစာ အစီအစဉ်များကို ည(၂၃း၀၀)နာရီအထိ (၄)ကြိမ် ဆက်တိုက်ထုတ်လွှင့်သွားမည် ဖြစ်ပါသည်။

တပ်မတော်ဆိုင်ရာ အထွေထွေဗဟုသုတ ဉာဏ်စမ်းဖြေဆိုပွဲများ ကျင်းပမည်

ရန်ကုန် ဩဂုတ် ၁၀

၂၀၀၅ ခုနှစ် (၁၆)ကြိမ်မြောက် အမျိုးသားရေးဆောင်ပုဒ် စာပေနှင့် ဓာတ်ပုံပြိုင်ပွဲကျင်းပရေးကော်မတီက အခြေခံပညာ အလယ်တန်းအဆင့်၊ အခြေခံပညာ အထက်တန်းအဆင့်နှင့် တက္ကသိုလ်အဆင့် တပ်မတော်ဆိုင်ရာ အထွေထွေဗဟုသုတ ဉာဏ်စမ်းဖြေဆိုပွဲများကို စက်တင်ဘာ ၁၀ရက်(စနေနေ့)တွင် နံနက် ၉နာရီမှ မွန်းတည့် ၁၂နာရီအထိ ကျင်းပမည်ဖြစ်သည်။

တစ်ပြိုင်တည်းကျင်းပမည်

အခြေခံပညာအလယ်တန်းအဆင့်နှင့် အခြေခံပညာအထက်တန်းအဆင့် ပြိုင်ပွဲများကို နိုင်ငံတစ်ဝန်းလုံးရှိ မြို့နယ်အားလုံး၌ တစ်ချိန်တည်း၊ တစ်ပြိုင်တည်း ကျင်းပမည်ဖြစ်သည်။ ပြဋ္ဌာန်းထားသော စာအုပ်များမှာ အလယ်တန်းအဆင့်အတွက် တပ်မတော်သမိုင်း (ပထမတွဲမှ ဆဋ္ဌမတွဲအထိ)နှင့် အထက်တန်းအဆင့်အတွက် တပ်မတော်သမိုင်း (ပထမတွဲမှ အဋ္ဌမတွဲအထိ) ဖြစ်သည်။

တက္ကသိုလ်အဆင့်ပြိုင်ပွဲကို သက်ဆိုင်ရာတက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်နှင့် သိပ္ပံများ၌ တစ်ပြိုင်တည်းကျင်းပမည်ဖြစ်သည်။ ပြဋ္ဌာန်းထားသော စာအုပ်များမှာ တပ်မတော်သမိုင်း (ပထမတွဲမှ အဋ္ဌမတွဲအထိ)၊ ဟံသာဝတီဦးဘရင်ရေးသားသော **"အနော်ရထာ"**၊ သတင်းစာဆရာ ဦးသိမ်းမောင်ရေးသားသော **"မြန်မာ့သူရဲကောင်း"**နှင့် အမျိုးသားပညာဝန် ဦးဖိုးကျားရေးသားသော **"မြန်မာ့ဂုဏ်ရည်"** စာအုပ်များဖြစ်သည်။ (သတင်းစဉ်)

အမျိုးသားရေးဆောင်ပုဒ် စာပေနှင့် ဓာတ်ပုံပြိုင်ပွဲ ရောင်စုံဓာတ်ပုံပြိုင်ပွဲယှဉ်ပြိုင်ကြရန် နှိုးဆော်

ရန်ကုန် ဩဂုတ် ၁၀

အမျိုးသားရေးဆောင်ပုဒ် စာပေနှင့် ဓာတ်ပုံပြိုင်ပွဲ ရောင်စုံဓာတ်ပုံပြိုင်ပွဲကို ၂၀၀၅ ခုနှစ်အတွက် (၁၆)ကြိမ်မြောက် ကျင်းပပေးမည်ဖြစ်ကြောင်း ထုတ်ပြန်ကြေညာထားပြီးဖြစ်သည်။

ရောင်စုံဓာတ်ပုံပြိုင်ပွဲအတွက် သတ်မှတ်ထားသော ခေါင်းစဉ်မှာ **"ဘက်စုံဖွံ့ဖြိုးတိုးတက်နေသော မြန်မာနိုင်ငံ"**ဖြစ်သည်။ ရောင်စုံဓာတ်ပုံပြိုင်ပွဲဝင်လိုသူများသည် (၁၀x၁၂)လက်မ (သို့မဟုတ်) (၁၀x၁၄)လက်မထက် မငယ်သော အရွယ်အစား(Print)ပုံ (၄)ပုံအထိ ပါဝင်ယှဉ်ပြိုင်နိုင်သည်။

ပြိုင်ပွဲဝင်ဓာတ်ပုံများကို မိမိကိုယ်တိုင် ရိုက်ကူးကြောင်း၊ ထိုဓာတ်ပုံသည် ပြည်တွင်း၊ ပြည်ပ ဓာတ်ပုံပြိုင်ပွဲများတွင် ဆုရရှိခဲ့ဖူးခြင်းမရှိကြောင်း ဝန်ခံချက်၊ ဓာတ်ပုံနှင့်စပ်လျဉ်းသည့်အကြောင်းအရာ (Caption) အပြည့်အစုံပါရှိရမည်။ ဓာတ်ပုံများပေးပို့သည့်အခါ ပြိုင်ပွဲဝင်သူ၏ ပတ်စပို့ဓာတ်ပုံ(၂)ပုံနှင့် ကိုယ်ရေးအကျဉ်းချုပ်တို့ကို ပူးတွဲပေးပို့ရမည်။

ပြိုင်ပွဲဝင်ဓာတ်ပုံများကို တွဲဖက်အတွင်းရေးမှူး အမျိုးသားရေးဆောင်ပုဒ် စာပေနှင့်ဓာတ်ပုံပြိုင်ပွဲ ကျင်းပရေးကော်မတီ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန (၂၂-၂၄) ပန်းဆိုးတန်းလမ်း ရန်ကုန်မြို့သို့ အောက်တိုဘာ ၁၅ရက် နောက်ဆုံးထား၍ပေးပို့ရမည်။ ပြိုင်ပွဲတွင် ဆုရရှိသော ဓာတ်ပုံပညာရှင်များ၏အမည်ကို နိုဝင်ဘာလဆန်းတွင် ထုတ်ပြန်ကြေညာမည်ဖြစ်သည်။ ဆုရရှိသူများအား အခမ်းအနားဖြင့် ထိုက်ထိုက်တန်တန် ဆုချီးမြှင့်မည်ဖြစ်သည်။ (သတင်းစဉ်)

ကွယ်လွန်သူ ဦးဝင်းအား ရည်စူး၍ ၃၉လမ်း၊ ကျောက်တံတားမြို့နယ်နေ ဒေါ်ခင်လှနှင့် သားသမီးမြေးတစ်စုက ဗဟန်းမြို့နယ် ဇီဝိတဒါန သံဃာ့ဆေးရုံကြီးသို့ ထာဝရဆေးပဒေသာပင် အလှူငွေကျပ်တစ်သိန်း လှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ တွဲဖက်အတွင်းရေးမှူး(၂) ဒုတိယဗိုလ်မှူးကြီးဘဉာဏ်(ငြိမ်း) လက်ခံယူစဉ်။ (က-ပ)

မန္တလေးမိုး

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

အာဖဂန်နစ္စတန် အကျဉ်းသားများအား နှိပ်စက်ရန် အမေရိကန်တပ်ဖွဲ့ဝင်များ သင်တန်းတက်လေ့ကျင့်ခဲ့ရ

ဝါရှင်တန် ဩဂုတ် ၉

အာဖဂန်နစ္စတန်နိုင်ငံ ဘက်ဂရမ်လေတပ်အခြေစိုက်စခန်းရှိ အကျဉ်းထောင်စောင့်ကြပ်နေသည့် အမေရိကန်တပ်ဖွဲ့ဝင်များအား အကျဉ်းသားများသေစေလောက်သည်အထိ ရိုက်နှက်ထိုးကြိတ်ရန် အထူးညွှန်ကြားထားကြောင်း အကျဉ်းသားနှိပ်စက်မှုဖြင့် စွပ်စွဲခံထားရသည့် ရိုးရိုးတပ်ဖွဲ့ဝင်တစ်ဦးက စုံစမ်းစစ်ဆေးရေးမှူးများကို ပြောကြားလိုက်သည်။

ခေါင်းစွပ် စွပ်ရန် သို့တည်းမဟုတ် လက်ထိတ်ခတ်ခံရန် ငြင်းဆန်သည့် အကျဉ်းသားများကို ယင်းကဲ့သို့ ထိုးကြိတ်နှိပ်စက်မှုသည် သာမန်အားဖြင့် အသုံးပြုနေသော နည်းလမ်းဖြစ်သည်ဟု ဘက်ဂရမ်မှ စစ်ရဲတပ်ဖွဲ့ဝင်ဟောင်းတစ်ဦးဖြစ်သူ ဝီလီဘရန်းက တရားရုံးတွင် ပြောကြားခဲ့ကြောင်း တနင်္လာနေ့ထုတ် သည်နယူးယောက်တိုင်းမ်သတင်းစာတွင် ရေးသားသည်။

အာဖဂန်အကျဉ်းစခန်းမှ အကျဉ်းသားနှစ်ဦးအား ၂၀၀၂ ခုနှစ်အတွင်း ရက်စက်စွာသတ်ဖြတ်ခဲ့မှုနှင့်ပတ်သက်၍ အပြစ်ရှိကြောင်း ဝီလီဘရန်းက လွန်ခဲ့သည့် ရက်သတ္တပတ်က ဝန်ခံထွက်ဆိုခဲ့သည်။

၎င်းက လက်ထိတ်ခတ်ခံထားရသူ အကျဉ်းသားနှစ်ဦး၏ ဒူးဆစ်အပေါ်ပိုင်းကို မစွမ်းမသန်ဖြစ်စေရန် ရည်ရွယ်၍ ကြိမ်ဖန်များစွာ ထိုးကြိတ်ရိုက်နှက်ခဲ့သည်ဟု ဘရန်က ဝန်ခံခဲ့သည်။

ဘက်ဂရမ်အကျဉ်းစခန်းမှ အစောင့်များသည် အကျဉ်းသားများ လိုက်နာမှုရှိစေရန်အတွက် အင်အားသုံးရန် အထူးအခွင့်အာဏာ ပေးထားခံရသည်ဟု ယင်းမှုခင်းတွင် ပါဝင်ပတ်သက်နေသည့် အခြားစစ်ရဲတပ်ဖွဲ့ ဝင်ဟောင်း၏ ရှေ့နေက စောစောပိုင်းက ပြောကြားသည်။

ပြည်ပသို့ ဖြန့်ကြက်ချထားခြင်းမပြုမီ ရိုက်နှက်မှုနည်းလမ်းများသည် လေ့ကျင့်သင်တန်းပေးမှု၏ အစိတ်အပိုင်းတစ်ရပ်ဖြစ်ခဲ့သည်ဟု အခြားဘက်ဂရမ်အစောင့်ဟောင်းများက စုံစမ်းစစ်ဆေးရေးမှူးများနှင့် တွေ့ဆုံမေးမြန်းရာတွင် ပြောကြားခဲ့သည်။

အမ်အင်အေ၊ ဆင်ဟွာ။

ဘဂ္ဂဒက်မြို့ ကားဗုံးဖောက်ခွဲခံရသောနေရာတွင် လုံခြုံရေးဆောင်ရွက်နေကြသော အပေါင်းပါတပ်ဖွဲ့ဝင်များကို ဩဂုတ် ၇ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ပြည်ပတပ်ဖွဲ့များ အီရတ်မှ ၂၀၀၆ခုနှစ်ကုန်တွင်ရုပ်သိမ်းရေး ဩစတြေးလျကြည်းတပ် အကြီးအကဲဟောင်း တိုက်တွန်း

ကင်ဘာရာ ဩဂုတ် ၉

ခုခံရေးသမားများ မျက်စိကျစရာဖြစ်နေသည့် ပြဿနာတစ်ရပ်အားဖယ်ရှားနိုင်ရန်အတွက် ပြည်ပတပ်ဖွဲ့ဝင်များအနေဖြင့် အီရတ်နိုင်ငံမှ လာမည့်နှစ်ကုန်ပိုင်းတွင်ရုပ်သိမ်းရန် ရည်မှန်းချက်ထားရမည်ဖြစ်ကြောင်း ဩစတြေးလျကာကွယ်ရေးဝန်ကြီးဟောင်း ဗိုလ်ချုပ်ကြီးပီတာကော့စ်ဂရဖ်က ပြောကြားသည်။

မိမိတို့အနေဖြင့် မိမိတို့တတ်နိုင်သမျှ အီရတ်နိုင်ငံသားများအား အလျင်အမြန်လေ့ကျင့် သင်တန်းပေးရမည်ဖြစ်ပြီး အကြမ်းဖက်သမားများ၏ အာရုံစိုက်စရာအခြေအနေကို ဖယ်ရှားပစ်ရန်လိုကြောင်း၊ ယင်းကိစ္စမှာ ပြည်ပတပ်များရုပ်သိမ်းရေး အစီအစဉ်ပင်ဖြစ်သည်ဟု ကော့စ်ဂရဖ်က ဩစတြေးလျ အသံလွှင့်ဌာန အစီအစဉ်တစ်ရပ်တွင် ပြောကြားခဲ့သည်။

ထွက်ခွာ

အီရတ်လုံခြုံရေးတပ်ဖွဲ့ဝင်များ လုံလုံလောက်လောက်ရှိနေပါက ပြည်ပတပ်များ အီရတ်မှ ထွက်ခွာရန်သာဖြစ်သည်ဟု ပြောကြားသည်။

ယင်းအစီအစဉ်သည် မည်သည့်အချိန်တွင် ပေါ်ပေါက်နိုင်ပါသနည်းဟု မေးမြန်းရာတွင် ကော့စ်ဂရဖ်က ၂၀၀၆ ခုနှစ်ကုန်တွင် ယင်းအစီအစဉ်အတိုင်း ဆောင်ရွက်နိုင်မည်ဟု ပြောကြားသည်။

ဩစတြေးလျအစိုးရကမူ ၎င်း၏ တပ်ဖွဲ့ဝင်များအနေဖြင့် လိုအပ်သလောက် အီရတ်တွင် ဆက်လက်နေထိုင်သွားမည်ဟု ပြောကြားသည်။

ဩစတြေးလျ ကာကွယ်ရေးတပ်ဖွဲ့ဝင် ၁၃၇၀ခန့် အီရတ်နိုင်ငံတစ်ဝန်းတွင် ဖြန့်ကြက်လျက်ရှိသည်။

အမေရိကန်သမ္မတ ဘုရှ်က အမေရိကန်တပ်ဖွဲ့ဝင်များ အီရတ်မှ စောစောရုပ်သိမ်းမှုကို ပယ်ချထားပြီး အီရတ်စစ်ပွဲတွင် သေဆုံးသူများအတွက် အကောင်းဆုံးသော ဂုဏ်ပြုမှုသည် ပြောက်ကျားများအား တိုက်ထုတ်ကာ အီရတ်တပ်ဖွဲ့ဝင်များအား လေ့ကျင့်သင်တန်းပေးရန်သာဖြစ်သည်ဟု ပြောကြားခဲ့သည်။ ***အမ်အင်အေ၊ရိုက်တာ။***

လက်နက်ကိုင်များက ရေနံဝန်ထမ်းနှစ်ဦးအား ဘဂ္ဂဒက်တွင်သတ်ဖြတ်

ဘဂ္ဂဒက် ဩဂုတ် ၈

လက်နက်ကိုင်များက အီရတ်ရေနံဝန်ကြီးဌာနမှ ဝန်ထမ်းနှစ်ဦးအား သတ်ဖြတ်ခဲ့ပြီး အခြားနှစ်ဦးအား တနင်္ဂနွေနေ့က ထိခိုက်ဒဏ်ရာရရှိစေခဲ့ကြောင်းဖြင့် ရဲတပ်ဖွဲ့က ပြောကြားသည်။

လက်နက်ကိုင်များက ဖော်ပြပါဝန်ကြီး၏ မော်တော်ယဉ်အား ဘဂ္ဂဒက်မြို့တော် နယူးဘဂ္ဂဒက်ဒေသတွင် ပစ်ခတ်ခဲ့ခြင်းဖြစ်သည်။

ပြောက်ကျားများက အမေရိကန်ထောက်ခံအားပေးသည့် အီရတ်အစိုးရအား ဖြုတ်ချရန် ရည်ရွယ်ကာ အစိုးရတာဝန်ရှိပုဂ္ဂိုလ်များအား သတ်ဖြတ်ခဲ့ခြင်းဖြစ်သည်။

အမ်အင်အေ၊ရိုက်တာ။

ဘင်္ဂလားဒေ့ရှ်တွင် ငါးထုတ်လုပ်မှုတိုးမြှင့် အဓိက စီမံကိန်း ခုနစ်ခု အကောင်အထည်ဖော်မည်

ဒါကာ ဩဂုတ် ၉

ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် ငါးထုတ်လုပ်မှုကို တစ်နိုင်ငံလုံး၌ တန် ၃သန်းအထိ တိုးမြှင့်ထုတ်လုပ်နိုင်ရန်အတွက် အဓိက စီမံကိန်းခုနစ်ခုကို အကောင်အထည်ဖော်သွားရန် ဘင်္ဂလားဒေ့ရှ်အစိုးရက စတင်ဆောင်ရွက်လျက်ရှိသည်။ ပြည်တွင်း ဝယ်လိုအားကို ဖြည့်ဆည်းပြီးနောက် ကျန်သောငါးများကို ပြည်ပသို့ တင်ပို့မည်ဖြစ်သည်။

အဓိကထား

ဘင်္ဂလားဒေ့ရှ်နိုင်ငံ အနောက်ပိုင်းတွင် အဆိုပါငါးထုတ်လုပ်မှု လုပ်ငန်းစီမံချက်ကို အဓိကထား စီစဉ်လုပ်ကိုင်မည်ဖြစ်သည်။ ထိုဒေသတွင် ရေချိုပုစွန်မွေးမြူရေး၊ ရေလျှံဒေသများတွင် ငါးလုပ်ငန်းအတွက် အခြေခံအဆောက်အအုံလုပ်ကိုင်ရေးနှင့် ပုစွန်သုတေသန ဗဟိုလုပ်ငန်းကိုလည်း ထူထောင် ဆောင်ရွက်မည်ဖြစ်သည်ဟု ဘင်္ဂလားဒေ့ရှ် ယူနိုက်တက်နယူးသတင်းစာက တနင်္ဂနွေနေ့တွင် ရေးသားဖော်ပြခဲ့သည်။

အကယ်၍ စီမံကိန်းအသစ်များ အောင်မြင်စွာ အကောင်အထည်ဖော်ခဲ့လျှင် ၂၀၀၈ ခုနှစ် မရောက်မီ နှစ်စဉ်ငါးတန်ချိန် သန်း ၃ ဒသမ သုညတိုးမြှင့်ရရှိမည်ဖြစ်သည်။ လက်ရှိထုတ်လုပ်နေသော တန်ချိန်ထက် တစ်သန်းနီးပါးပိုမိုထွက်ရှိမည်ဟု ဆိုသည်။

အမ်အင်အေ၊ဆင်ဟွာ။

ဘဂ္ဂဒက်မြို့တော် အနောက်တောင်ပိုင်းတွင် ဗုံးခွဲတိုက်ခိုက်မှုကြောင့် ပျက်စီးသွားသော လမ်းတစ်နေရာကို ဩဂုတ် ၇ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

နိုင်ငံတကာသတင်းများ

အီရန်တွင် ရေလွှမ်းမိုး ၁၀ ဦးသေဆုံး၊ ၂၀ ပျောက်ဆုံးနေ

တီဟီရန် ဩဂုတ် ၁၀

အီရန်နိုင်ငံ အရှေ့မြောက်ပိုင်း ဂိုလက်စတန်ပြည်နယ်တွင် မိုးပြင်းထန်စွာရွာသွန်းမှုကြောင့် ညတွင်းချင်း ရေလွှမ်းမိုးရာ ၁၀ ဦးနီးပါး သေဆုံးပြီး လူ ၂၀ ပျောက်ဆုံးနေကြောင်း တာဝန်ရှိသူတစ်ဦးက ဗုဒ္ဓဟူးနေ့တွင် ပြောကြားသည်။

ရေလွှမ်းမိုးမှုကြောင့် အကြီးအကျယ်ပျက်စီးသွားပြီး အသက်ရှင်ကျန်ရစ်သူများအား ရှာဖွေရန် ရဟတ်ယာဉ်များစေလွှတ်ထားကြောင်း ဒေသခံ လခြမ်းနီအသင်း အရေးပေါ်အလုပ်သမားများက ရိုက်တာသတင်းဌာနကို ပြောကြားသည်။

အမ်အင်အေ၊ရိုက်တာ။

နာဂါဆာကီတွင် အဏုမြူဗုံးဒဏ်ခံရသည့် အနှစ် ၆၀ပြည့် နှစ်ပတ်လည် အခမ်းအနားကျင်းပ

နာဂါဆာကီ(ဂျပန်) ဩဂုတ် ၁၀

အမေရိကန်က ဂျပန်နိုင်ငံ နာဂါဆာကီမြို့ပေါ်သို့ အဏုမြူဗုံးချခဲ့သည့် အနှစ် ၆၀ပြည့် နှစ်ပတ်လည်နေ့ အခမ်းအနားကို ထိုမြို့တွင် ယမန်နေ့က ကျင်းပခဲ့ရာ ဂျပန်ဝန်ကြီးချုပ် ဂျူနီချီရိုကိုအိဇုမိ အပါအဝင် ပြည်သူ ၆၀၀၀ တို့ပါဝင် တက်ရောက်ခဲ့ကြသည်။

အမေရိကန်သည် ကမ္ဘာ့ပြည်သူများကလိုလားသော အဏုမြူကင်းဝေးသည့် ကမ္ဘာ ဖြစ်ပေါ်ရေး ရည်မှန်းချက်ကို မေးမှိန်စေသောလုပ်ရပ်များကို စဉ်ဆက်မပြတ် လုပ်ကိုင်လျက်ရှိသည်။ အမေရိကန်သည် အဏုမြူလက်နက် ၁၀၀၀၀ ကျော်ကို လက်ဝယ်ပိုင်ဆိုင်ထားသည့်အချိန်၌ပင် အဏုမြူလက်နက်ငယ်အမျိုးမျိုး ဆက်လက်စမ်းသပ်လျက်ရှိသည် စသည်ဖြင့် တက်ရောက်လာသော ပရိသတ်ကြီးကို စကားပြောကြားရာ၌ နာဂါဆာကီမြို့တော်ဝန် အိချိုအီတိုက အမေရိကန်နိုင်ငံအပေါ် ဝေဖန်ပြောကြားခဲ့သည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

ယူဂန္ဒာတွင် တီဘီရောဂါ ဖြစ်ပွားမှု မြင့်တက်

ကမ်ပါလာ ဩဂုတ် ၉

ယူဂန္ဒာနိုင်ငံမြောက်ပိုင်း ဂူလူးဒေသတွင် ယခုနှစ်ပထမခြောက်လအတွင်း တီဘီရောဂါဖြစ်ပွားသူ ၁၀၆၈ဦးရှိကြောင်း တီဘီနှင့်အနာကြီးရောဂါ ကြီးကြပ်ရေးမှူး ဂျွန်အော့ပ်ဝိုညာက ပြောကြားသည်။

မြင့်တက်

ဂူလူးဒေသတွင် တစ်လလျှင် တီဘီရောဂါဖြစ်ပွားသူ ပျမ်းမျှ ၁၇၀ ရှိကြောင်း၊ တီဘီရောဂါဖြစ်ပွားနှုန်းမှာ မြင့်တက်လျက်ရှိကြောင်း အော့ပ်ဝိုညာ၏ပြောကြားချက်ကို ကိုးကား၍ နယူးဗွီးရှင်းသတင်းစာက စနေနေ့တွင် ဖော်ပြသည်။

တီဘီရောဂါဖြစ်ပွားသူဦးရေ

တီဘီရောဂါဖြစ်ပွားသူဦးရေမှာ ၂၀၀၂ ခုနှစ်တွင် ၁၆၄၂ ဦး၊ ၂၀၀၃ ခုနှစ်တွင် ၁၈၇၈ ဦး၊ ၂၀၀၄ ခုနှစ်တွင် ၁၉၂၀ ဦးနှင့် ယခုနှစ်ပထမခြောက်လအတွင်း ၁၀၆၈ ဦးရှိကြောင်း အော့ပ်ဝိုညာက ပြောကြားသည်။

ဂူလူးဒေသရှိ ကလေးများတွင် တီဘီရောဂါဖြစ်ပွားမှု အများဆုံးဖြစ်ကြောင်း ကျန်းမာရေးဝန်ကြီးဌာနသို့ အစီရင်ခံထားသည်ဟု ၎င်းကပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ။

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်က လူမှုဝန်ထမ်းဦးစီးဌာနနှင့် မြန်မာနိုင်ငံ ကြက်ခြေနီအသင်းသို့ လွယ်အိတ်များနှင့် ဗလာစာအုပ်များလှူဒါန်း

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်က လူမှုဝန်ထမ်းဦးစီးဌာနနှင့် မြန်မာနိုင်ငံ ကြက်ခြေနီအသင်းတို့သို့ လွယ်အိတ်များနှင့် ဗလာစာအုပ်များ ပေးအပ်လှူဒါန်းပွဲတွင် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါ်သန်းသန်းနွဲ့က မြန်မာနိုင်ငံ ကြက်ခြေနီအသင်းအတွက် ငွေကျပ် ၁၇သိန်း ငါးသောင်းတန်ဖိုးရှိ လွယ်အိတ်အလုံး၅၀၀ကို မြန်မာနိုင်ငံ ကြက်ခြေနီ အသင်းဥက္ကဋ္ဌ ဦးလှမြင့်အား ပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

ရန်ကုန် ဩဂုတ် ၁၀

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်က လူမှုဝန်ထမ်းဦးစီးဌာနနှင့် မြန်မာနိုင်ငံ ကြက်ခြေနီအသင်းတို့သို့ လွယ်အိတ်များနှင့်ဗလာစာအုပ်များ ပေးအပ်လှူဒါန်းပွဲအခမ်းအနားကို ယနေ့မွန်းလွဲ ၁၂နာရီခွဲတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် သံလွင်လမ်းရှိ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်ရုံး ဧည့်ခန်းမ၌ကျင်းပသည်။

အခမ်းအနားသို့ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဥက္ကဋ္ဌ ဒေါ်သန်းသန်းနွဲ့၊ ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်လေးမြင့်၊ အထွေထွေအတွင်းရေးမှူး၊ တွဲဖက်အထွေထွေအတွင်းရေးမှူး၊ အတွင်းရေးမှူးအဖွဲ့ဝင်များ၊ ဌာနကြီးမှူးများ၊ လူမှုဝန်ထမ်း ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့်တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ ကြက်ခြေနီအသင်းဥက္ကဋ္ဌနှင့် တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါ်သန်းသန်းနွဲ့က လှူဒါန်းရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်း ပြောကြားသည်။

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်က လူမှုဝန်ထမ်းဦးစီးဌာနနှင့် မြန်မာနိုင်ငံ ကြက်ခြေနီအသင်းတို့သို့ လွယ်အိတ်များနှင့် ဗလာစာအုပ်များပေးအပ်လှူဒါန်းပွဲတွင် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဥက္ကဋ္ဌ ဒေါ်သန်းသန်းနွဲ့က လှူဒါန်းရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားစဉ်။ (သတင်းစဉ်)

ထို့နောက် မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါ်သန်းသန်းနွဲ့က လူမှုဝန်ထမ်းဦးစီးဌာနသို့ ငွေကျပ် ၁၇သိန်း ငါးသောင်း တန်ဖိုးရှိ လွယ်အိတ်အလုံး ၅၀၀နှင့် ငွေကျပ် တစ်သိန်းတန်ဖိုးရှိ ဗလာစာအုပ် ဒါဇင် ၁၀၀တို့ကို ပေးအပ်လှူဒါန်းရာ လူမှုဝန်ထမ်းဦးစီးဌာန ညွှန်ကြားရေးမှူး ချုပ် ဦးစစ်မြိုင်နှင့်တာဝန်ရှိသူများက လက်ခံကြပြီး ဂုဏ်ပြု မှတ်တမ်းလွှာကို ပြန်လည်ပေးအပ်သည်။

ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်

ဆက်လက်၍ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဥက္ကဋ္ဌ ဒေါ်သန်းသန်းနွဲ့က မြန်မာနိုင်ငံ ကြက်ခြေနီအသင်းသို့ ငွေကျပ် ၁၇သိန်း ငါးသောင်းတန်ဖိုးရှိ လွယ်အိတ်အလုံး ၅၀၀ကို ပေးအပ်လှူဒါန်းရာ မြန်မာနိုင်ငံ ကြက်ခြေနီအသင်း ဥက္ကဋ္ဌ ဦးလှမြင့်နှင့် တာဝန်ရှိသူများက လက်ခံကြပြီး ဂုဏ်ပြုမှတ်တမ်းလွှာကို ပြန်လည်ပေးအပ်သည်။

ယင်းနောက် မြန်မာနိုင်ငံ ကြက်ခြေနီအသင်းဥက္ကဋ္ဌ ဦးလှမြင့်က ကျေးဇူးတင်စကားပြောကြားသည်။(သတင်းစဉ်)

မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း(ဗဟို)က သဃ်န်းကျွန်း စံပြဆေးရုံကြီးသို့ ဆေးနှင့်ဆေးပစ္စည်းများ လှူဒါန်း

ရန်ကုန် ဩဂုတ် ၁၀

မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း(ဗဟို)က ရန်ကုန်မြို့ သဃ်န်းကျွန်း စံပြဆေးရုံကြီးသို့ ဆေးနှင့် ဆေးပစ္စည်းများ လှူဒါန်းခြင်းအခမ်းအနားကို ယနေ့နံနက် ၉နာရီခွဲတွင် အဆိုပါဆေးရုံကြီး အစည်းအဝေးခန်းမဆောင်၌ ကျင်းပရာ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင် ဒေါ်နီလာသော်က ဆေးနှင့် ဆေးပစ္စည်းကိုးမျိုးကို ပေးအပ်လှူဒါန်းပြီး ဆေးရုံအုပ်ကြီး ဒေါက်တာဦးမောင်မောင်ကြီးက လက်ခံ၍ ကျေးဇူးတင်စကား ပြောကြားသည်။

အဆိုပါ ဆေးနှင့် ဆေးပစ္စည်းများလှူဒါန်းပွဲသို့ ကျန်းမာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာတင်ဝင်းမောင်နှင့် ဆေးရုံအုပ်ကြီး၊ ဆေးရုံအုပ်၊ ဒုတိယဆေးရုံအုပ်၊ အထူးကုဆရာဝန်ကြီးများ၊ သူနာပြုအုပ်ကြီးနှင့် သူနာပြုများ တက်ရောက် ကြသည်။ (သတင်းစဉ်)

ဆရာဝန်အသင်း သင်တန်းပို့ချမည်

ရန်ကုန် ဩဂုတ် ၁၀

မြန်မာနိုင်ငံ ဆရာဝန်အသင်း စဉ်ဆက်မပြတ် ဆေးပညာသင်ကြားရေးယူနစ်(CME)က အထွေထွေရောဂါကု ဆရာဝန်များအတွက် "Public Health, Research and Family Medicine" သင်တန်းကို ဩဂုတ် ၂၀ရက်မှ အောက်တိုဘာ ၉ရက်အထိ စနေ/တနင်္ဂနွေနေ့များတွင် မွန်းတည့် ၁၂နာရီမှ ညနေ ၃နာရီအထိ အမှတ်(၂၄၉) သိမ်ဖြူလမ်း မင်္ဂလာတောင်ညွန့်မြို့နယ်ရှိ မြန်မာနိုင်ငံ ဆရာဝန်အသင်း ခန်းမဆောင်(ဘီ)၌ သင်တန်းပို့ချမည် ဖြစ်ရာ တက်ရောက်လိုသည့် ဆရာဝန်များသည် ဩဂုတ် ၁၅ရက်မှ ၁၉ရက် အထိ ရုံးချိန်အတွင်း စာရင်းပေးသွင်းနိုင်သည်။ (သတင်းစဉ်)

မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း (ဗဟို)က ရန်ကုန်မြို့ သဃ်န်းကျွန်း စံပြဆေးရုံကြီးသို့ ဆေးနှင့် ဆေးပစ္စည်းများ လှူဒါန်းပွဲအခမ်းအနားတွင် မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ဗဟိုအလုပ်အမှုဆောင် အဖွဲ့ဝင် ဒေါ်နီလာသော်က ဆေးနှင့် ဆေးပစ္စည်း ကိုးမျိုးကို ဆေးရုံအုပ်ကြီး ဒေါက်တာဦးမောင်မောင်ကြီးထံ ပေးအပ်လှူဒါန်းစဉ်။ (မိခင်/ကလေး)

မိုးကုတ်ဝိပဿနာတရားစခန်းပွဲများ

ရန်ကုန် ဩဂုတ် ၁၀

ရန်ကုန်မြို့ ဗဟန်းမြို့နယ် ရွှေစက်တော်ကျောင်းမှ မိုးကုတ်ဝိပဿနာ ကမ္မဋ္ဌာနာစရိယ ဓမ္မကထိက ဦးသုန္ဒရအရှင်မြတ်သည် ဘားအံမြို့ အဖွဲ့ခွဲ(၁၂၀) ဓမ္မရိပ်သာကြီးတွင် ဩဂုတ် ၁၅ ရက်မှ ၁၉ ရက်အထိ၊ သဃ်န်းကျွန်းမြို့နယ် ပုဗ္ဗာရုံကျောင်းတွင် ဩဂုတ် ၂၀ ရက်မှ ၂၆ ရက်အထိ၊ တောင်ငူမြို့အဖွဲ့ခွဲ(၃၀) ဓမ္မရိပ်သာတွင် စက်တင်ဘာ ၃ ရက်မှ ၇ ရက်အထိ ကျေးဇူးရှင် အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း သစ္စာလေးပါးတရားများကို ဟောကြားမည် ဖြစ်သည်။ (က-ပ)

ဩဂုတ်လထုတ် သုတပဒေသာစာစောင်ထွက်ပြီ

ရန်ကုန် ဩဂုတ် ၁၀

ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း စာပေဗိမာန်က ၂၀၀၅ခုနှစ် ဩဂုတ်လထုတ် သုတပဒေသာစာစောင် အတွဲ(၃၂)၊ အမှတ်(၈)ကို ဖြန့်ချိရောင်းချနေပြီဖြစ်သည်။

ယခုလထုတ် သုတပဒေသာစာစောင် အတွဲ(၃၂)၊ အမှတ်(၈)တွင် ဗုဒ္ဓဘာသာနှင့် ခေတ်သစ်အမြင်၊ ၂၀ရာစုတုပ်ကွေး၊ သူရဲကောင်းဆိုသည်မှာ၊ အိုင်းစတိုင်းကိုလေ့လာခြင်း၊ စိတ်ကူးများကို ပုံဖော်နိုင်ပြီစသည့် သုတဆောင်းပါးများအပြင် ပါနေကျကဏ္ဍများဖြစ်သည့် ဘာသာပြန်ကဗျာ၊ ဟာသ၊ နိုင်ငံတကာ မြင်ကွင်းသုတတိုထွာ၊ ကမ္ဘာ့မှူးယစ်ဆေးဝါးသတင်းတို့ ပါရှိသည်။

သုတပဒေသာစာစောင်မှာ လစဉ်ထုတ်ဝေသည့် ဘာသာပြန်မဂ္ဂဇင်း ဖြစ်ရာ နယ်မှတစ်ဦးချင်း မှာကြားဝယ်ယူလိုလျှင် ဖြစ်စေ၊ စာကြည့်တိုက်များက ဝယ်ယူလိုလျှင်ဖြစ်စေ အလိုရှိသော စောင်ရေအတွက် ကျသင့်ငွေနှင့် ပို့ခစရိတ်ကို ဘဏ်ငွေလွှဲလက်မှတ် (သို့မဟုတ်)ဆက်သွယ်ရေး ငွေလွှဲစာဖြင့် မန်နေဂျာ(အရောင်း)စာပေဗိမာန်(၅၂၉/ ၅၃၁)၊ ကုန်သည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း-၃၈၁၄၄၈သို့ လိပ်မူပေးပို့ မှာကြားနိုင်သည်။ ထို့အပြင် ရန်ကုန်မြို့၊ ကုန်သည်လမ်းရှိ စာပေဗိမာန်စာအုပ်ဆိုင်နှင့် ရန်ကုန်နှင့် နယ်ရှိ စာပေဗိမာန် ကိုယ်စားလှယ်များထံတွင်လည်း ဝယ်ယူရရှိနိုင်သည်။ (သတင်းစဉ်)

ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်တွင် မြန်မာနိုင်ငံ သူနာပြုအသင်း(ဗဟို)မှ ကြီးမှူးကျင်းပသော ကမ္ဘာ့ မိခင်နို့ စနစ်တကျတိုက်ကျွေးရေး ရက်သတ္တပတ် အထိမ်းအမှတ် အခမ်းအနားကို ဩဂုတ် ၅ရက်က မြို့နယ်ခန်းမတွင်ကျင်းပရာ မြန်မာနိုင်ငံသူနာပြုအသင်း(ဗဟို)ဥက္ကဋ္ဌ ဒေါ်အီးဘာဘရီ အမှာစကားပြောကြား စဉ်။ (မြို့နယ်ပြန်/ဆက်)

မျိုးရိုးဂုဏ်ရှိန် တိုးတက်မြင့်မားစေသည့် မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကြီး

ဆွေသန့်ကို

နိုင်ငံတော်သည် နိုင်ငံသူနိုင်ငံသား တိုင်းရင်းသားပြည်သူများအကြား မြန်မာ့ရိုးရာ ယဉ်ကျေးမှုအနုပညာရပ်များကို လေးစားမြတ်နိုး ဂုဏ်ယူတတ်သည့် စိတ်ဓာတ်ရေးရာ အခြေခံကောင်းများ အစဉ်ရှင်သန်ထွန်းကားအောင် တည်ဆောက်ပေးသည့်အနေဖြင့် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးများကို ကျင်းပပေးလျက်ရှိသည်။

မြန်မာ့ရိုးရာယဉ်ကျေးမှု အနုသုခုမ ပညာရပ်များဖြစ်သည့် အဆို၊ အက၊ အရေး၊ အတီး ပညာရပ်များသည် ယဉ်ကျေးသိမ်မွေ့မှု၊ အဆင့်အတန်းမြင့်မားမှု၊ သုတ၊ ရသ၊ ဓမ္မစုံလင်မှု၊ ပညာခန်း နက်ရှိုင်းကျယ်ဝန်းမှုစသည့် ဂုဏ်ရည်များဖြင့် ပြည့်စုံကြွယ်ဝလှသည်။ ထိုမျှမက အမျိုးသားရေးအနှစ်သာရများဖြင့် ထုံမွှမ်းပြည့်လျှမ်းနေသည်။ သို့ဖြစ်၍ မြန်မာတိုင်းရင်းသားပြည်သူတို့၏ မျိုးရိုးဂုဏ်ရှိန် တိုးတက်မြင့်မားမှုကို ကြီးစွာအထောက်အကူပြုနိုင်ခဲ့သည်။ အစဉ်ထာဝရ ပံ့ပိုးနိုင်ခဲ့သည်။

ထို့ကြောင့် နိုင်ငံတော်သည် မြန်မာ့ရိုးရာ အမွေအနှစ်ဖြစ်သော မြန်မာ့ဂီတ၊ မြန်မာ့အက၊ မြန်မာ့သဘင်စသော အနုပညာရပ်များ အရှည်တည်တံ့ပြီး ပြည်နယ်/တိုင်း နယ်မြေဒေသအားလုံး၌ အခြေခိုင်မာပြန့်ပွားရေး၊ အနုပညာရှင်မျိုးဆက်သစ်များ စဉ်ဆက်မပြတ် ပေါ်ထွက်လာရေး၊ အမျိုးသားရေးဂုဏ်သိက္ခာနှင့် အမျိုးသားရေး စရိုက်လက္ခဏာများ ရှင်သန်ရေးစသည့် မွန်မြတ်သော ရည်မှန်းချက်များထားရှိ၍ ၁၉၉၃ ခုနှစ်မှ စတင်ပြီး မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲများကို နှစ်စဉ်ကျင်းပလာခဲ့သည်။

ယခုအခါ တေရသမအကြိမ် (၁၃ကြိမ်) မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးကိုပင် ရန်ကုန်မြို့တွင် ၂၀၀၅ ခုနှစ် အောက်တိုဘာလအတွင်းစည်ကားသိုက်မြိုက်စွာ ကျင်းပရန် စီစဉ်ဆောင်ရွက်နေပြီဖြစ်သည်။ တစ်နည်းအားဖြင့် မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ကျင်းပလာခဲ့သည်မှာ (၁၃) ကြိမ်ပင် ပြည့်မြောက်ပေတော့မည်။

မြန်မာ့ရိုးရာယဉ်ကျေးမှု အစဉ်အလာကို ဆန်းစစ်ကြည့်လျှင် မြန်မာ့ယဉ်ကျေးမှုအနုပညာသည် မြန်မာတို့၏ လူနေမှုဘဝ၊ မြန်မာတို့၏ဓလေ့စရိုက်ကို ပြောင်မြောက်ပီပြင်စွာ ထင်ဟပ်ဖော်ကျူးနိုင်သော အဆင့်အတန်းမြင့်မားသည့် အနေအထားသို့ ရှေးနှစ်ပေါင်းများစွာကပင် ရောက်ရှိခဲ့သည်ကို တွေ့ရှိနိုင်သည်။

မြန်မာ့ရိုးရာယဉ်ကျေးမှု အနုပညာသည် သမိုင်းအဆက်ဆက်၊ ခေတ်အဆက်ဆက်ကို ကြံ့ကြံ့ခံ ဖြတ်သန်းလာခဲ့ပြီဖြစ်၍ အနုပညာ စွမ်းရည်များ၊ အနုပညာအနှစ်သာရများ ပြည့်ဝနေပြီဖြစ်သည်။

မြန်မာတို့သည် အခြားနိုင်ငံကြီးများ၏ သြဇာလွှမ်းမိုးမှုလောင်းရိပ်နှင့် ကင်းသည့် မြန်မာ့ကိုယ်ပိုင်၊ မြန်မာ့မှုမြန်မာ့ဟန်စစ်စစ် အနုပညာရပ်များဖြင့် ရပ်တည်လာခဲ့သည်ကိုလည်း မြန်မာ့ယဉ်ကျေးမှု အနုပညာ

မြန်မာတို့သည် အခြားနိုင်ငံကြီးများ၏ သြဇာလွှမ်းမိုးမှု လောင်းရိပ်နှင့် ကင်းသည့် မြန်မာ့ကိုယ်ပိုင်၊ မြန်မာ့မှု၊ မြန်မာ့ဟန်စစ်စစ် အနုပညာရပ်များဖြင့် ရပ်တည်လာခဲ့သည်ကိုလည်း မြန်မာ့ ယဉ်ကျေးမှု အနုပညာသမိုင်းကို လေ့လာသူတိုင်း သိရှိနိုင်သည်။ မြန်မာတို့သည် ကိုယ့်မင်းကိုယ့်ချင်း၊ ကိုယ့်ထီးကိုယ့်နန်းဖြင့် ကိုယ်ပိုင်ယဉ်ကျေးမှု၊ ကိုယ်ပိုင်စာပေအနုပညာတို့ကို ထူထောင်ပြီး ကိုယ်ပိုင်အမျိုးသားရေးလက္ခဏာများဖြင့် ဝိသေသထူးစွာ ရပ်တည်လာခဲ့သည်မှာ အထင်အရှားပင်။

သမိုင်းကို လေ့လာသူတိုင်း သိရှိနိုင်သည်။ မြန်မာတို့သည် ကိုယ့်မင်းကိုယ့်ချင်း၊ ကိုယ့်ထီးကိုယ့်နန်းဖြင့် ကိုယ်ပိုင်ယဉ်ကျေးမှု၊ ကိုယ်ပိုင်စာပေ၊ အနုပညာတို့ကို ထူထောင်ပြီး ကိုယ်ပိုင်အမျိုးသားရေး လက္ခဏာများဖြင့် ဝိသေသထူးစွာ ရပ်တည်လာခဲ့သည်မှာ အထင်အရှားပင်ဖြစ်သည်။

တေရသမအကြိမ် (၁၃ကြိမ်) မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ကျင်းပရေးဦးစီးကော်မတီနာယက၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းက ဇူလိုင် ၂၉ ရက်၌ ကျင်းပခဲ့သော တေရသမအကြိမ် (၁၃ကြိမ်) မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ နာယကများ ပါဝင်သော ပြိုင်ပွဲ ကျင်းပရေးဦးစီးကော်မတီ ပထမအကြိမ် ညှိနှိုင်းအစည်းအဝေးတွင် ဆွေးနွေးမှာကြားရာ၌–

"မြန်မာ့ယဉ်ကျေးမှု အနုပညာသည် ကိုယ်ပိုင်အမျိုးသားရေး လက္ခဏာများနှင့် ထည်ထည်ဝါဝါ ကျက်သရေရှိရှိ ရပ်တည်ထွန်းပြောင်လာခဲ့သည်မှာ မိမိတို့ဘိုးဘွားဘီဘင်များ၏ စိတ်ဓာတ်ကောင်း၊ သတ္တိကောင်း၊ သတိကောင်း၊ ဝီရိယကောင်း၊ စွမ်းအားကောင်းတို့ကြောင့် ဖြစ်ကြောင်း၊ ဤအစဉ်အလာရှိသည့် အမျိုးသားရေးလက္ခဏာကောင်းများကို ထိန်းသိမ်း ကာကွယ်နိုင်ရန်နှင့် မျိုးဆက်သစ်များကို လက်ဆင့်ကမ်း အမွေကောင်း ပေးနိုင်ရန် သမိုင်းရေးအရရော အမျိုးစောင့်တရားများအရပါ မလွဲမသွေ ထမ်းဆောင်ရမည့် တာဝန်သည် မိမိတို့အားလုံး၏ ပခုံးပေါ် ရောက်နေ ခြင်းဖြစ်ကြောင်း၊ အထူးသဖြင့် ယနေ့ခေတ်ကဲ့သို့ Globalization အခြေအနေတွင် ကမ္ဘာ့နိုင်ငံအများစုသည် မိမိတို့၏ အမျိုးသားရိုးရာ ယဉ်ကျေးမှုများ ယိုယွင်းပျက်စီး ပျောက်ကွယ်မသွားရအောင် ကြိုးစား ထိန်းသိမ်းနေကြခြင်းဖြစ်သည့်အတွက် မိမိတို့ ထမ်းဆောင်ရမည့် တာဝန်သည် မြင့်မြတ်မှုရှိသကဲ့သို့ ကြီးမားကျယ်ပြန့်သည်မှာလည်း အမှန်ဖြစ်ကြောင်း"ဖြင့် ထည့်သွင်းမှာကြားသွားသည်။

ဒွါဒသမအကြိမ် (၁၂ကြိမ်) မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲ အကပြိုင်ပွဲကို အမျိုးသားဇာတ်ရုံ၌ ကျင်းပရာ အခြေခံပညာအဆင့် အသက် (၅–၁၀)နှစ် အမျိုးသား အက ပြိုင်ပွဲ၌ ပြိုင်ပွဲဝင်တစ်ဦး ယှဉ်ပြိုင်နေစဉ်။

ယင်းမှာကြားချက်များသည် မြန်မာ့ရိုးရာယဉ်ကျေးမှုဘဝနှင့် ဆက်စပ်ထင်ဟပ်နေပေသည်။ ဤမှာကြားချက်များကို အလေးအနက်ထား လိုက်နာကျင့်သုံး အကောင်အထည်ဖော်ဆောင်ရွက်ကြရမည်သာ ဖြစ်သည်။

နိုင်ငံတော်သည် ခေတ်၏ပြောင်းလဲလာသည့် သဘောသဘာဝအရ မြန်မာ့ရိုးရာ သဘင်ဂီတနယ်ပယ်အတွင်းသို့ တိုင်းတစ်ပါးယဉ်ကျေးမှုများ ထိုးဖောက်စီးဝင်လာနေသည့် အန္တရာယ်ကို ကြိုတင်သတိပေး ကာကွယ်မှုများ ပြုလုပ်နေရသည်ကို တွေ့မြင်ကြားသိ ကြရမည် ဖြစ်သည်။ ယင်းကဲ့သို့ နိုင်ငံတော်က ကြိုတင်သတိပေး ကာကွယ်မှုများ ပြုလုပ်နေသည့်ကြားမှပင် အနောက်တိုင်း အဆို၊ အက၊ အရေး၊ အတီး ဟန်များသည် ဗီစီဒီ၊ စီဒီ၊ တီဗွီ၊ အင်တာနက်၊ ဂြိုဟ်တုစလောင်း စသည့် အိုင်တီပစ္စည်းကိရိယာများမှ တစ်ဆင့် မြန်မြန်ဆန်ဆန် စိမ့်ဝင်ပျံ့နှံ့ လာလျက်ရှိသည်ကို တွေ့ရှိရသည်။ ယင်းသို့ စိမ့်ဝင်ပျံ့နှံ့လာမှုများကို အမျိုးသားရေးကိုယ်ခံစွမ်းအားဖြင့် တွန်းလှန် ဖယ်ရှားကြရမည့် တာဝန်သည် တိုင်းချစ်ပြည်ချစ်စိတ်ရှိသူ၊ မျိုးချစ်စိတ်ရှိသူ၊ ပြည်ထောင်စုချစ်စိတ်ရှိသူ ပြည်သူတစ်ရပ်လုံးအပေါ်တွင် ကျရောက်လျက်ရှိသည်။

မြန်မာ့ရိုးရာယဉ်ကျေးမှုနယ်ပယ်၌ ရိုးရာအစဉ်အလာကို တစ်ဖက်က ထိထိမိမိ ထိန်းသိမ်းရင်း အခြားတစ်ဖက်က ဆန်းသစ်တီထွင်မှုများကိုပါ ဟန်ချက်ညီညီ လုပ်ကိုင်နိုင်စွမ်းရှိကြရမည်ဖြစ်သည်။ အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် တစ်ဖက်က ထိန်းသိမ်းစောင့်ရှောက်ရင်း ယဉ်ကျေးမှု အနုပညာနယ်ပယ်၌ ရိုးရာယဉ်ကျေးမှုမပျောက်အောင် ဆန်းသစ်တီထွင် သွားနိုင်ရန်လည်း အရေးကြီးပေသည်။

ယခုနှစ်တွင် ကျင်းပမည့် တေရသမအကြိမ် (၁၃ကြိမ်) မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကို နိုင်ငံတော်က ချမှတ်ထားသည့် ရည်မှန်းချက်များနှင့်အညီ အောင်မြင်စွာကျင်းပနိုင်ရေး အတွက် ပါဝင်ယှဉ်ပြိုင်ကြမည့် အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲဝင်များ အပါအဝင် တာဝန်ရှိသူအားလုံး တက်ညီလက်ညီ ဖော်ဆောင်သွားနိုင်ရန် သက်ဆိုင်ရာ ပြည်နယ်/တိုင်းအလိုက် ကြိုးပမ်းဆောင်ရွက်နေကြောင်း သတင်းများကြားသိရ၍ ကြည်နူးဝမ်းမြောက် ဖြစ်ရပေသည်။

တေရသမအကြိမ်(၁၃ကြိမ်) မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကို နိုင်ငံတော်က ရည်ရွယ်ချက် ခုနစ်ရပ်ဖြင့် ကျင်းပသွားမည်ဖြစ်သည်။ ယင်းရည်ရွယ်ချက်များမှာ–

၁။ မျိုးချစ်စိတ်ဓာတ်နှင့် ဇာတိသွေးဇာတိမာန် ထက်မြက်မြင့်မားရန်၊

၂။ မြန်မာ့ရိုးရာယဉ်ကျေးမှု အမွေအနှစ်များ ထိန်းသိမ်းစောင့်ရှောက်ရန်၊

၃။ မြန်မာ့ဂီတ၊ မြန်မာ့အကနှင့် မြန်မာတို့၏ ရိုးရာယဉ်ကျေးမှု အနုပညာစစ်စစ် ဆက်လက်ထွန်းကား ပြန့်ပွားရန်၊

၄။ မြန်မာတို့၏ အမျိုးသားရေး စရိုက်လက္ခဏာများ ထိန်းသိမ်းရန်၊

၅။ လူငယ်ထု၏ စိတ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှု ဖြစ်ထွန်းရန်၊

၆။ တိုင်းတစ်ပါးယဉ်ကျေးမှု လွှမ်းမိုးခြင်းမှ ကာကွယ်တားဆီးရန်၊

၇။ တိုင်းရင်းသား စည်းလုံးညီညွတ်မှုနှင့် ပြည်ထောင်စုစိတ်ဓာတ် ပိုမိုခိုင်မာရှင်သန်လာစေရန် တို့ ဖြစ်သည်။

မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးသည် မြန်မာတိုင်းရင်းသား ပြည်သူတို့၏ မျိုးရိုးဂုဏ်ရှိန်ကို တိုးတက်မြင့်မားစေပြီး ပြည်ထောင်စုကြီး၏ အနာဂတ်အရေးအတွက် တစည်းတလုံးတည်းသော စွမ်းအားကို ပြုစုပျိုးထောင်ပေးရာတွင် ထိထိရောက်ရောက် အထောက်အကူပြုနိုင်စွမ်းရှိပေသည်။

သို့ဖြစ်ရာ အမျိုးသားယဉ်ကျေးမှုအနုပညာ မှတ်တိုင်များကို တစ်နှစ်ထက်တစ်နှစ် ပိုမို၍ ခိုင်ခိုင်မာမာ စိုက်ထူနိုင်ရန် တေရသမအကြိမ် (၁၃ကြိမ်) မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊ အက၊ အရေး၊အတီးပြိုင်ပွဲကြီး စည်ကားသိုက်မြိုက် အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ဝိုင်းဝန်းကြိုးပမ်း သွားကြရန် တိုက်တွန်းရေးသား လိုက်ရပါသည်။ ။

ဒွါဒသမအကြိမ် (၁၂ကြိမ်) မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲ အဆင့်မြင့်ပညာ အဆင့် (အမျိုးသမီး) တယောအတီးပြိုင်ပွဲ၌ ပြိုင်ပွဲဝင်တစ်ဦး ယှဉ်ပြိုင်နေစဉ်။

nternet(11) 6 1/1/32, 3:11 PM

တေရသမအကြိမ် (၁၃ကြိမ်) မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်မြင့်ဆွေ တေရသမအကြိမ် (၁၃ကြိမ်) မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီနှင့် ပြည်နယ်နှင့်တိုင်း ကိုယ်စားလှယ်များညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။

(သတင်းစဉ်)

ကျင်းပပြီးပြိုင်ပွဲများ၏ အားသာချက်၊ အားနည်းချက်များကိုသုံးသပ် ယခုကျင်းပမည့်ပြိုင်ပွဲကြီး ပိုမိုပြည့်စုံကောင်းမွန်အောင်ကြိုးပမ်း

ရန်ကုန် ဩဂုတ် ၁၀

တေရသမအကြိမ်(၁၃ ကြိမ်)မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊ အရေး၊အတီးပြိုင်ပွဲ ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီနှင့် ပြည်နယ်နှင့်တိုင်း ကိုယ်စားလှယ်များ ညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲ ၂ နာရီတွင် ရန်ကုန်မြို့ ဒဂုံမြို့နယ် မြို့မကျောင်းလမ်းရှိ အမျိုးသားဇာတ်ရုံ၌ကျင်းပရာ တေရသမအကြိမ်(၁၃ကြိမ်) မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီးပြိုင်ပွဲ ကျင်းပရေးဦးစီးကော်မတီ ဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေတက်ရောက်၍ အမှာစကားပြောကြားသည်။

တက်ရောက်

အဆိုပါ ညှိနှိုင်းအစည်းအဝေးသို့ ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီ ဒုတိယဥက္ကဋ္ဌ၊ ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်စိုးဝင်းမောင်နှင့် ဦးစီးကော်မတီဝင်များ၊ ပြိုင်ပွဲကျင်းပရေး လုပ်ငန်းကော်မတီဝင်များ၊ဆပ်ကော်မတီ အသီးသီးမှ ဆပ်ကော်မတီဝင်များ၊ ဘာသာရပ်ဆိုင်ရာ အကဲဖြတ်လုပ်ငန်းအဖွဲ့များမှ အဖွဲ့ဝင်များ၊ အနုပညာရှင်များနှင့် ပြည်နယ်နှင့်တိုင်းများမှ ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

အမှာစကားပြောကြား

ရှေးဦးစွာတေရသမအကြိမ်(၁၃ကြိမ်) မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေက အမှာစကား ပြောကြားရာတွင် မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးကို နှစ်စဉ်ကျင်းပလျက်ရှိရာ ယခုနှစ်တွင် (၁၃)ကြိမ်မြောက် ကျင်းပသွားမည်ဖြစ်ကြောင်း၊ ချမှတ်ထားပြီးသော ရည်ရွယ်ချက် ခုနစ်ရပ်အောင်မြင်အောင် ဦးစီးကော်မတီနှင့် လုပ်ငန်းကော်မတီ၊ ဆပ်ကော်မတီအသီးသီးတို့က ဝိုင်းဝန်းကြိုးပမ်း အကောင်အထည်ဖော်ကြရန်ဖြစ်ကြောင်း။

အသိပေးပြီးဖြစ်

မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကြီးကို နိုင်ငံတော်၏ လူမှုရေးဦးတည်ချက်ဖြစ်သော အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများမပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး ရည်မှန်းချက်ထား၍ နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်မှုဖြင့် နှစ်စဉ် ခမ်းနားသိုက်မြိုက်စွာ ကျင်းပနေခြင်းဖြစ်ရာ ကော်မတီအသီးသီးနှင့် ပြည်နယ်နှင့်တိုင်းများမှ ပြိုင်ပွဲဝင်အနုပညာရှင်များအားလုံးတို့က ရည်ရွယ်ချက်အောင်မြင်အောင်နှင့် ပြိုင်ပွဲကြီး ခမ်းနားသိုက်မြိုက်အောင်မြင်စွာကျင်းပနိုင်ရန် ဆောင်ရွက်ကြရမှာဖြစ်ကြောင်း၊ ပြိုင်ပွဲတွင် ပြိုင်ပွဲအမျိုးအစားအလိုက် ပြိုင်ပွဲဝင်ရမည့် အစီအစဉ်များကို ပြိုင်ပွဲဝင်များ တစ်ပြေးညီ လေ့ကျင့်နိုင်စေရန် တစ်ချိန်တည်းကြေညာ အသိပေးပြီးဖြစ်ကြောင်း။

နှစ်စဉ်ကျင်းပခဲ့ပြီးသော ပြိုင်ပွဲများ၏ အားသာချက်၊ အားနည်းချက်များကို သုံးသပ်၍ ယခုကျင်းပမည့် (၁၃)ကြိမ် ပြိုင်ပွဲကြီးကို ပိုမိုပြည့်စုံကောင်းမွန်၍ အောင်မြင်အောင် ကြိုးပမ်းဆောင်ရွက်ကြရန်ဖြစ်ကြောင်းဖြင့် မှာကြားသည်။

ထို့နောက် ပြိုင်ပွဲကျင်းပရေး ဦးစီးကော်မတီ ဒုတိယဥက္ကဋ္ဌ၊ ယဉ်ကျေးမှုဝန်ကြီးဌာနဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်စိုးဝင်းမောင်က အမှာစကားပြောကြားသည်။

ရှင်းလင်းတင်ပြ

ဆက်လက်၍ ပြိုင်ပွဲကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ အမှတ်(၃) စစ်ဒေသမှူး ဗိုလ်မှူးကြီးတင့်ဆန်းက တေရသမအကြိမ် (၁၃ကြိမ်) မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ကျင်းပမည့်ရက်၊ ပြိုင်ပွဲအမျိုးအစားအလိုက် ကျင်းပမည့်နေရာ၊ ပြိုင်ပွဲဝင်များအတွက် တည်းခိုရေးစခန်း ဆောင်ရွက်ထားရှိမှု၊ ပြိုင်ပွဲအလိုက် အစီအစဉ်များ၊ အကဲဖြတ်အဖွဲ့အမည်စာရင်းများ ပြုစုမှုတို့နှင့်စပ်လျဉ်း၍ အသေးစိတ်ရှင်းလင်းတင်ပြသည်။

ယင်းနောက် လုံခြုံရေးနှင့်စည်းကမ်းထိန်းသိမ်းရေးကော်မတီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်ဝေလွင်နှင့် ဆပ်ကော်မတီများဖြစ်ကြသည့် ပြိုင်ပွဲကျင်းပရေး၊ ပြိုင်ပွဲစိစစ်ရေး၊ ဖိတ်ကြားရေးနှင့် ကြိုဆိုနေရာချထားရေး၊ ဧည့်ခံကျွေးမွေးရေးနှင့် ကြိုဆိုနေရာချထားရေး၊ ဘဏ္ဍာငွေရှာဖွေရေးနှင့် ဆုချီးမြှင့်ရေး၊ ပြန်ကြားရေးနှင့် သတင်းထုတ်ပြန်ရေး၊ အခမ်းအနားပြင်ဆင်ရေး၊ ပို့ဆောင်ဆက်သွယ်ရေး၊ ကျန်းမာရေးနှင့် လုပ်ငန်းစစ်ဆေးရေးဆပ်ကော်မတီများမှ ဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များက ကဏ္ဍအလိုက်ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ ဘာသာရပ်ဆိုင်ရာ အကဲဖြတ်လုပ်ငန်းအဖွဲ့များဖြစ်သည့် အဆိုအကဲဖြတ် လုပ်ငန်းအဖွဲ့၊ အကအကဲဖြတ်လုပ်ငန်းအဖွဲ့၊ ဇာတ်သဘင်အကဲဖြတ်လုပ်ငန်းအဖွဲ့၊ ရုပ်သေးအကဲဖြတ်လုပ်ငန်းအဖွဲ့၊ အရေးအကဲဖြတ်လုပ်ငန်းအဖွဲ့နှင့် အတီး အကဲဖြတ်လုပ်ငန်းအဖွဲ့တို့မှအဖွဲ့ခေါင်းဆောင်များနှင့် တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်မည့် အစီအစဉ်များကို ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် ပြည်နယ်နှင့်တိုင်းများမှကိုယ်စားလှယ်များက ပြိုင်ပွဲကြီးတွင် ပါဝင်ယှဉ်ပြိုင်ရန် စိစစ်ထားမှု အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ညှိနှိုင်းဖြည့်ဆည်းပေး

ထို့နောက် ပြိုင်ပွဲကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေက တင်ပြချက်များအပေါ် ပြန်လည်ဆွေးနွေးမှာကြား၍ လိုအပ်ချက်များကို ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းပေးကာ နိဂုံးချုပ်အမှာစကားပြောကြားပြီး ညှိနှိုင်းအစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

ညှိနှိုင်းအစည်းအဝေး အပြီးတွင် ပြိုင်ပွဲကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များသည် တေရသမအကြိမ် (၁၃ကြိမ်) မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီးပြိုင်ပွဲတွင် အသုံးပြုမည့် ကြိုဆိုနှုတ်ဆက်ပွဲ၊ ဖွင့်ပွဲအခမ်းအနားနှင့် ပြိုင်ပွဲအမျိုးအစားအလိုက် နဖူးစည်းဆိုင်းဘုတ်နမူနာပုံစံများ၊ ရုပ်သေးနှင့် ဇာတ်တော်ကြီး ပြိုင်ပွဲများတွင် အသုံးပြုရန် ပန်းချီကားများ၊ ပိုစတာများ၊ ပို့စကတ်နှင့် လက်ကမ်းစာစောင်များ၊ ပြိုင်ပွဲဖွင့်ပွဲအခမ်းအနား၊ ကြိုဆိုနှုတ်ဆက်ပွဲအခမ်းအနားနှင့် ဆုပေးပွဲအခမ်းအနား ဖိတ်စာနမူနာပုံစံများ၊ ရင်ထိုးတံဆိပ်နမူနာပုံစံများကို စိစစ်ကြည့်ရှုကြကာ အသုံးပြုရန်ရွေးချယ်ပေးသည်။

(သတင်းစဉ်)

ပဲခူးကြခတ်ဝိုင်း ဆရာတော် ကိုးပါးသီလ ဟောကြားမည်

ရန်ကုန် ဩဂုတ် ၁၀

၁၃၆၇ခုနှစ် ဝါခေါင်လဆန်း ၈ရက် ၂၀၀၅ခုနှစ် ဩဂုတ် ၁၂ရက် (သောကြာနေ့)တွင် နိုင်ငံတော်ဩဝါဒါစရိယ တွဲဖက်ရွှေကျင်သာသနာပိုင် ပဲခူးတိုင်း ပဲခူးမြို့ သီရိမင်္ဂလာ ကြခတ်ဝိုင်းကျောင်းတိုက် ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရုအဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက ဘဒ္ဒန္တဇောတိပါလသည် နဝင်္ဂဥပေါသထကိုးပါးသီလတရားတော်မြတ်ကို မြန်မာ့ရုပ်မြင်သံကြား နံနက်ပိုင်း အစီအစဉ်များအပြီးတွင် ဟောကြား ချီးမြှင့်တော်မူမည်ဖြစ်သည်။ (သတင်းစဉ်)

ရွှေလက်ဆင့်ကမ်း

❐ မြန်မာ့အမွေ၊ မြန်မာတွေတန်ဖိုးမထား
ဘယ်သူတွေ တန်ဖိုးထားမှာလဲ...။

❐ မြန်မာ့ရိုးရာ၊ မြန်မာတွေမထိန်းသိမ်း
ဘယ်သူတွေ ထိန်းသိမ်းမှာလဲ ...။

❐ မြန်မာ့ယဉ်ကျေးမှု၊ မြန်မာထုမဆက်ခံ
ဘယ်သူတွေ ဆက်ခံမှာလဲ ...။

❐ အမျိုးဘာသာ၊ သာသနာနှင့်
မြန်မာဟူက ရှေးမဆွမီ
ဂီတအနုသဘင်၊ သမားစဉ်တွေ
ပဝေသဏီရှေး၊ ကျေးလက်တေးအလှ
ရေး၊ က၊ ဆို၊ တီး၊ ကိုယ့်ခရီးကိုယ်လျှောက်
အနောက်မဆန်၊ မဖောက်ပြန်ဘဲ
မြဲမြဲခိုင်ခိုင်၊ ကိုယ်ပိုင်အမွေအနှစ်
ရွှေအစစ်မို့၊ ခေတ်အဆက်ဆက်
"ရွှေလက်ဆင့်ကမ်း"၊ မျက်နှာပန်းလှ
အထက်တန်းကျစွာ၊ ဗီဇမှန်ကန်
ဂီတသံများ၊ လွင့်ပျံ့အုန်းအုန်း
မိုးလုံးပွဲ့တင်၊ အောင်ပွဲဆင်ကြ
ဆို၊ က၊ ရေး၊ တီး ပြိုင်ပွဲကြီးတွေ
မြန်မာ့မြေမှာ၊ တေရသမ
ချိန်ကာလရောက်၊ ခရီးပေါက်ခဲ့လေပြီကို။ ။

[တေရသမအကြိမ် (၁၃ကြိမ်) မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးကို ကြိုဆိုဂုဏ်ပြုလျက်]

ဟသ်ာတမြင့်ငွေ

အရှင်ပညာသီဟာဘိဝံသ၏ ဝါခေါင်လဓမ္မသဘင်

ရန်ကုန် ဩဂုတ် ၁၀

အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ အရှင်ပညာသီဟာဘိဝံသ(ပဋ္ဌာနိကာယ်) သ-စ-အ ဓမ္မာစရိယ၊ ဝိနယ ပါဠိပါရဂူ ဆရာတော်သည် ဝါခေါင်လ ဥပုသ်နေ့များတွင် ဒဂုံမြို့သစ်(တောင်ပိုင်း) လေးထောင့်ကန် အမှတ်(၁) စစ်မှုထမ်းဟောင်း စံပြရွာ သိရီဂုဏ်ဝေဓမ္မဗိမာန်၌ နံနက် ၉ နာရီတွင် သီလပေးတရားတော်၊ ကမာရွတ်မြို့နယ် အင်းလျားရွာသစ်ကျောင်းတွင် ညနေ ၃ နာရီ၌ ဝိပဿနာ အလုပ်ပေးတရားတော်၊ ဝါခေါင်လပြည့်နေ့၌ စမ်းချောင်းမြို့နယ် မြသိန်းတန်ဓမ္မာရုံ၌ ညတရားပွဲ၊ ဝါခေါင်လပြည့်ကျော် ၈ ရက်တွင် တောင်ဥက္ကလာပမြို့နယ် သူရ(၉) လမ်း လူထုဓမ္မာရုံ၌ မွန်းလွဲ ၂ နာရီ၊ ဝါခေါင်လကွယ်နေ့၌ ရန်ကင်းမြို့နယ် ဘောက်ထော် နှစ်ကျိပ်ရှစ်ဆူဓမ္မာရုံ၌ နိဗ္ဗာန်ရောက်ကြောင်း တရားတော်များကို ဟောကြားမည်ဖြစ်သည်။

(သတင်းစဉ်)

ရုပ်သံကျွမ်းကျင်(၂)နှင့် အသံလွှင့်ကျွမ်းကျင်(၂)စာမေးပွဲကျင်းပမည်

ရန်ကုန် ဩဂုတ် ၁၀

မြန်မာ့အသံနှင့်ရုပ်မြင်သံကြားအတွက်ခေါ်ယူထားသော အင်္ဂလိပ်ဘာသာ ကျွမ်းကျင်သူ ရုပ်သံကျွမ်းကျင်(၂)(သို့မဟုတ်) အသံလွှင့်ကျွမ်းကျင်(၂) (လစာနှုန်းကျပ် ၅၄၀၀-၁၀၀-၅၉၀၀)ရာထူးများရေးဖြေစာမေးပွဲကို ဩဂုတ် ၂၈ ရက် နံနက် ၉နာရီမှ မွန်းတည့်၁၂နာရီအထိ စမ်းချောင်းမြို့နယ် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပမည်ဖြစ်သည်။

မိမိဖြေဆိုရမည့် ခုံနံပါတ်များကို ဩဂုတ်၂၄ရက်မှ ဩဂုတ်၂၆ရက်အတွင်း မြန်မာ့အသံနှင့် ရုပ်မြင်သံကြားသို့ ကိုယ်တိုင်လာရောက်သတင်းပို့ပြီး ရယူရမည်ဖြစ်သည်။

စာမေးပွဲလာရောက်ဖြေဆိုသူများသည် စာမေးပွဲဖြေဆိုမည့်နေ့တွင် ပညာအရည်အချင်းအောင်လက်မှတ်မူရင်း အသက်အထောက်အထားအတွက် အခြေခံ ပညာအထက်တန်းအောင်လက်မှတ်မူရင်း၊ နိုင်ငံသားစိစစ်ရေးကတ်ပြားများကို တစ်ပါတည်းယူဆောင်လာရမည်ဖြစ်သည်။

စာမေးပွဲနှင့်ပတ်သက်၍ အသေးစိတ်သိလိုပါက မြန်မာ့အသံနှင့် ရုပ်မြင်သံကြား(ရုံးချုပ်) ဖုန်း-၅၃၇၆၈၅/ ၅၂၇၁၂၂ လိုင်းခွဲ ၁၄၄/၁၄၅တို့သို့ ဆက်သွယ်စုံစမ်းနိုင်သည်။ (သတင်းစဉ်)

ကာကွယ်ရေးအတွက် နိုင်ငံသူ၊ နိုင်ငံသား
နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်

❀ ရှေ့ဖုံးမှ

လူထုအစည်းအဝေးသို့ ဧရာဝတီတိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင်များ၊ တိုင်း၊ ခရိုင်၊ မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ အမျိုးသမီးရေးရာ အဖွဲ့ဝင်များ၊ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဝင်များ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့၊ အရန်မီးသတ်တပ်ဖွဲ့နှင့် လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ရပ်မိရပ်ဖများနှင့် ဒေသခံ တိုင်းရင်းသားပြည်သူများ တစ်ခဲနက်တက်ရောက်ကြသည်။

ယင်းလူထုအစည်းအဝေးတွင် သဘာပတိအဖြစ် ဧရာဝတီတိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဒေါက်တာစိုးသူရက ဆောင်ရွက်ပြီး သဘာပတိအဖွဲ့ဝင်များအဖြစ် ဧရာဝတီတိုင်း အမျိုးသမီးရေးရာအဖွဲ့ ကျန်းမာရေးအဖွဲ့ခေါင်းဆောင် ဒေါက်တာခင်ခင်စီ၊ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဝင် ဒေါက်တာအေးအေးမူ၊ မြောင်းမြမြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး နေဝင်း(အငြိမ်းစား)၊ မြောင်းမြမြို့နယ် ကြက်ခြေနီတပ်ဖွဲ့ ဒုတိယတပ်ရင်းမှူး ဦးစန်းဝင်း၊ ပုသိမ်မြို့နယ် မီးသတ်တပ်ဖွဲ့ ဒုတိယတပ်ရင်းမှူး ဦးသန်းနိုင်ဦး၊ ရပ်မိရပ်ဖ ကိုယ်စားလှယ် ဦးစိုးမြင့်တို့က ဆောင်ရွက်ကြသည်။ အခမ်းအနားမှူးအဖြစ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင် ဒေါ်အေးမြမြဝင်းက ဆောင်ရွက်ပြီး တွဲဖက်အခမ်းအနားမှူးအဖြစ် ဒေါ်သန္တာကျော်က ဆောင်ရွက်သည်။

ရှေးဦးစွာ သဘာပတိ၊ သဘာပတိအဖွဲ့ဝင်များနှင့် လူထုအစည်းအဝေးသို့ တက်ရောက်လာကြသူများက ပြည်ထောင်စု မြန်မာနိုင်ငံတော်အလံအား အလေးပြုကြသည်။

ထို့နောက် သဘာပတိ ဧရာဝတီတိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဒေါက်တာစိုးသူရက အဖွင့်အမှာစကားပြောကြားရာတွင် နိုင်ငံတော်က ဆောင်ရွက်နေသည့် ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များတွင် ဧရာဝတီတိုင်း ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များဖြစ်သည့် ကျောင်းသား၊ ကျောင်းသူ

"ပြည်တွင်းပြည်ပ အဖျက်သမားများအန္တရာယ်ကို ပြည်သူ့စွမ်းအား စည်းလုံးမှုအင်အားဖြင့် ကာကွယ်ရေး" လူထုအစည်းအဝေးတွင် သဘာပတိနှင့် သဘာပတိအဖွဲ့ဝင်များအား တွေ့ရစဉ်။ (သတင်းစဉ်)

ရှစ်သိန်းငါးသောင်း၊ အလုပ်သမား လေးသိန်း၊ တောင်သူလယ်သမား တစ်သန်းကိုးသိန်း၊ အခြားအသင်းဝင် ကိုးသိန်း၊ စုစုပေါင်းအသင်းဝင် လေးသန်းခန့် အင်တိုက်အားတိုက် ပူးပေါင်းဆောင်ရွက်နေကြပြီ ဖြစ်ကြောင်း။

ဤကဲ့သို့ အဘက်ဘက်က ပူးပေါင်းဆောင်ရွက်ပေးမှုကြောင့် ယခင် အိပ်မက်မျှပင် မမက်ခဲ့ဖူးသည့် ဖွံ့ဖြိုးမှုများ၊ တည်ဆောက်မှုများကို နိုင်ငံသူ၊ နိုင်ငံသားအားလုံး ကိုယ်တွေ့ခံစားနေကြရပြီ ဖြစ်ကြောင်း။

နိုင်ငံတော်အကြီးအကဲသည် ပြည်သူများ ဘဝ လူနေမှုအဆင့်အတန်း မြင့်မားလာစေရန် လိုအပ်သည်များကို ဆောင်ရွက်ပေးလျက်ရှိကြောင်း။

- **သွားလာမှု အဆင်ပြေချောမွေ့စေရေးအတွက် လမ်းတွေဖောက်၊ တံတားတွေဆောက်ခဲ့ကြောင်း။**
- **စိုက်ပျိုးရေး ဖွံ့ဖြိုးတိုးတက်စေရန်အတွက် ဆည်များ၊ မြစ်ရေတင်စီမံကိန်းများ၊ တာတမံများကို တည်ဆောက်ပေးခဲ့ကြောင်း။**
- **ပညာရေး ဖွံ့ဖြိုးတိုးတက်စေရန် တက္ကသိုလ်၊ နည်းပညာကောလိပ်၊ ကွန်ပျူတာကောလိပ်၊ အခြေခံပညာကျောင်းများကို တိုးချဲ့မြှင့်တင်ပေးခဲ့ကြောင်း။**
- **ကျန်းမာရေးကဏ္ဍတွင် ဆေးရုံများ၊ ဆေးပေးခန်းများ၊ အထူးကုဆရာဝန်ကြီးများနှင့် ကုသမှုနည်းစနစ်များကိုလည်း တိုးချဲ့မြှင့်တင်ပေးခဲ့ကြောင်း။**
- **ဆက်သွယ်ရေးကဏ္ဍတွင် အော်တိုတယ်လီဖုန်းသာမက GSM တယ်လီဖုန်း၊ ဂြိုဟ်တုတယ်လီဖုန်းများကို တိုးချဲ့ဆောင်ရွက်ပေးခဲ့ကြောင်း။**
- **မွေးမြူရေးကဏ္ဍတွင်လည်း သိပ္ပံနည်းကျ ငါးကန်၊ ပုစွန်ကန်၊ မြစ်တွင်းသံလှောင်အိမ်ဖြင့် မွေးမြူသည့်စနစ်များ တိုးချဲ့ဆောင်ရွက်ပေးခဲ့ကြောင်း။**

ဤကဲ့သို့ အဘက်ဘက်က ဆောင်ရွက်ပေးနေခြင်းသည် မည်သူ့အတွက်ဖြစ်သနည်း၊ ဤနိုင်ငံတွင်နေသည့် ပြည်သူများအတွက်ပင် ဖြစ်သည်ဆိုသည်ကို ယနေ့တက်ရောက်လာကြသည့် ပြည်သူများအားလုံးအသိ ဖြစ်ပါကြောင်း။

ဤသို့ ဘက်စုံထောင့်စုံမှကြည့်ပြီး အဘက်ဘက်က ဖွံ့ဖြိုးတိုးတက်လာစေရန် ဆောင်ရွက်နေမှုကို လက်တစ်ဆုပ်စာလူတစ်စုနှင့် ပြည်ပနိုင်ငံအချို့က လူ့အခွင့်အရေး၊ ဒီမိုကရေစီအရေး အကြောင်းပြကာ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်မှုများ၊ ဝေဖန်မှုများ၊ ဖိအားပေး အကျပ်ကိုင်မှုများ လုပ်ဆောင်နေခြင်းသည် နိုင်ငံတကာကျင့်ဝတ်သိက္ခာနှင့် မကိုက်ညီသည့် လုပ်ဆောင်မှုများအဖြစ် တွေ့မြင်နေရကြောင်း။

ဤသို့ ပြုမူလုပ်ဆောင်ချက်များသည် မိမိနိုင်ငံ လူမျိုး၏ သမိုင်းအစဉ်အလာ၊ ကိုယ်ပိုင်အမျိုးသားရေး စရိုက်လက္ခဏာ၊ ကိုယ်ပိုင်ယဉ်ကျေးမှုနှင့် လိုက်လျောညီထွေသည့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံကို ထူထောင်ရန် ကြိုးပမ်းနေသည့် နိုင်ငံအတွက် လွတ်လပ်သည့် ကိုယ်ပိုင်အမျိုးသားရေးရပ်တည်ချက်ကို ထိပါးစေသော နှောင့်ယှက်မှုများအဖြစ် ရှင်းရှင်းလင်းလင်း မြင်ကြရမှာ ဖြစ်ကြောင်း။

ထို့ကြောင့် ဒို့တာဝန်အရေး(၃)ပါးကို ထိပါးမှုဟူသမျှ၊ ပြည်ထောင်စုကြီးပြိုကွဲစေရန် ဆောင်ရွက်ခြင်းဟူသမျှကို ယနေ့တက်ရောက်လာကြသည့် လူမှုရေးအသင်းအဖွဲ့များမှ ကိုယ်စားလှယ်များ၊ မြို့မိမြို့ဖများ၊ တိုင်းရင်းသားလူမျိုးများအားလုံးက ပြည်သူ့စွမ်းအား စည်းလုံးမှုအင်အားဖြင့် တွန်းလှန်ဖယ်ရှားသွားကြရမှာ ဖြစ်ကြောင်း။

နိဂုံးချုပ်အနေဖြင့်–

- **အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်ကြီးဖြစ်ထွန်းလာစေရေးအတွက် ဒို့တာဝန် အရေး(၃)ပါးကို ဦးထိပ်ပန်ဆင်ပြီး ပြည်ထောင်စုမျိုးချစ်စိတ်ဓာတ်ဖြင့် ကြိုးပမ်းဆောင်ရွက်သွားကြပါ။**
- **မှန်ကန်သော ပြည်ထောင်စုစိတ်ဓာတ်၊ အေးချမ်းတည်ငြိမ်ရေးစိတ်ဓာတ်၊ စည်းလုံးညီညွတ်ရေးစိတ်ဓာတ်၊ မျှဝေခံစားရေးစိတ်ဓာတ်၊ တည်ဆောက်ရေးစိတ်ဓာတ်များ ရှင်သန်ပြီး နိုင်ငံတော်နှင့် နိုင်ငံသားတို့အပေါ် ရာသက်ပန် ကာကွယ်စောင့်ရှောက်သွားကြပါ။**
- **စည်းလုံးညီညွတ်ရေး၊ အေးချမ်းတည်ငြိမ်ရေးနှင့် တရားဥပဒေစိုးမိုးရေးတို့ကို ထိပါးနှောင့်ယှက်မှုဟူသမျှ၊ ဒို့တာဝန်အရေး(၃)ပါးကို ထိပါးလာမှုဟူသမျှကို ပြည်သူ့စွမ်းအား စည်းလုံးမှုအင်အားဖြင့် ထိန်းသိမ်းကာကွယ်သွားကြပါ**

ဟု အလေးအနက်တိုက်တွန်းရင်း နိဂုံးချုပ်လိုက်ပါကြောင်း စသည်ဖြင့် ပြောကြားသည်။

ဆွေးနွေးတင်ပြ

ဆက်လက်၍ တိုင်းပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းကိုယ်စားလှယ် အလုပ်အမှုဆောင် ဦးကြည်ဝင်းက **"ပြည်တွင်း ပြည်ပ အဖျက်သမားများအန္တရာယ်ကို ပြည်သူ့စွမ်းအား စည်းလုံးမှုအင်အားဖြင့် ကာကွယ်ရေး"** နှင့်ပတ်သက်၍ ဆွေးနွေးတင်ပြရာတွင် နိုင်ငံတော်အစိုးရသည် အတိတ်က အတွေ့အကြုံများအရ ပြည်ထောင်စုဖွား တိုင်းရင်းသားအားလုံး သွေးစည်းညီညွတ်ရေးအတွက် နယ်စပ်ဒေသပါမကျန် ဟန်ချက်ညီညီ ဖွံ့ဖြိုးတိုးတက်အောင် ဘက်စုံ၊ ထောင့်စုံ၊ ကဏ္ဍစုံမှ ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိကြောင်း။

ဖွံ့ဖြိုးတိုးတက်မှုဆိုရာ၌ တရားဥပဒေစိုးမိုးမှု၊ အေးချမ်းတည်ငြိမ်မှုအပါအဝင် ကာကွယ်ရေးစွမ်းအား၊ စီးပွားရေးစွမ်းအား၊ လူမှုရေးစွမ်းအားများ ပါဝင်ပါကြောင်း၊ ပြည်ထောင်စုမြန်မာနိုင်ငံသည် တိုင်းရင်းသားလူမျိုးပေါင်း ၁၀၀ကျော်ဖြင့် နှစ်ပရိစ္ဆေဒရှည်ကြာစွာ တစ်ခုတည်းသော အမိမြေပေါ်တွင် တစ်မြေတည်းနေ၊ တစ်ရေတည်းသောက်၊ မရှိအတူ၊ ရှိအတူ၊ အေးအတူပူအမျှ တစည်းတလုံးတည်း နေထိုင်ကြသည့် နိုင်ငံဖြစ်ကြောင်း။

ပူးပေါင်းနေထိုင်

မြန်မာနိုင်ငံသည် တိုင်းရင်းသားလူမျိုးပေါင်း ၁၀၀ကျော် စုပေါင်းနေထိုင်သည့် နိုင်ငံဖြစ်ပါကြောင်း၊ မည်သည့်ပြည်နယ်၊ မည်သည့်တိုင်းမှာမှ လူတစ်မျိုးတည်းသာ နေထိုင်ခြင်းမျိုးမရှိပါကြောင်း၊ ဧရာဝတီတိုင်းကို ကြည့်မည်ဆိုလျှင် ဤအချက်သည် ပိုမိုထင်ရှားပါကြောင်း၊ ၁-၁-၂၀၀၂ စာရင်းအရပြောရလျှင် ဧရာဝတီတိုင်း၌ ဗမာ ၅၄ သိန်းခန့်နှင့်အတူ ကရင် ၁၄သိန်း၊ ရခိုင်ခုနစ်သောင်းကျော်၊ ချင်းတစ်သောင်းကျော် ရောနှောပူးပေါင်း နေထိုင်လျက်ရှိကြောင်း။

ပြည်ထောင်စုမြန်မာနိုင်ငံသည် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲသော ရေမြေပိုင်နက်၊ ခိုင်မာသော နိုင်ငံ့သမိုင်းရှိသည့် နိုင်ငံတစ်နိုင်ငံလည်းဖြစ်ကြောင်း။

ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီး အချုပ်အခြာအာဏာ အစွန့်ရှည် တည်တံ့ခိုင်မြဲရေးသည် တိုင်းရင်းသားအချင်းချင်း အစဉ်ထာဝရ သွေးစည်းညီညွတ်နေမှုနှင့်အတူ ရှင်သန်ခိုင်မာသော ပြည်ထောင်စုစိတ်ဓာတ်အပေါ် များစွာ တည်မှီလျက်ရှိကြောင်း။

ပြည်ထောင်စုစိတ်ဓာတ်ဆိုသည်မှာ "နိုင်ငံတော်အလံတစ်ခုတည်းအောက်တွင်ရှိသော နိုင်ငံတော်၏ မည်သည့်အစိတ်အပိုင်း၊ မည်သည့်ဒေသမဆို နေထိုင်ကြသည့် ပြည်သူလူထုတစ်ရပ်လုံး၏ တစည်းတလုံးတည်း၊ တညီတညွတ်တည်းသောစိတ်ဓာတ်" ဖြစ်ကြောင်း။

ပြည်ထောင်စုစိတ်ဓာတ်သည် နိုင်ငံတစ်ခုတည်ဆောက်ရာတွင် မရှိမဖြစ် လိုအပ်ပါကြောင်း။

နိုင်ငံသားတိုင်း ပြည်ထောင်စုကြီး၏ တန်ဖိုး၊ အချုပ်အခြာအာဏာ၏ တန်ဖိုး၊ လွတ်လပ်ရေး၏ တန်ဖိုး၊ ပြည်ထောင်စုမျိုးချစ်စိတ်ဓာတ်၏ တန်ဖိုးကို နားလည်သဘောပေါက်ပြီး ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးကို စောင့်ထိန်းကာကွယ် တည်ဆောက်သွားရမှာဖြစ်ကြောင်း။

နိုင်ငံတော်ကာကွယ်ရေးဆိုသည်မှာ နိုင်ငံတော်နှင့် နိုင်ငံသားတို့ကို စစ်ရေးအရ ကျူးကျော်တိုက်ခိုက်လာမည့် အန္တရာယ်မှ ကာကွယ်တားဆီးရန်ဖြစ်ကြောင်း။

နိုင်ငံတော်လုံခြုံရေးဆိုသည်မှာ နိုင်ငံတစ်ခု၏ အမျိုးသားအကျိုးစီးပွားနှင့် အမျိုးသားရေးရည်မှန်းချက်များ ပါဝင်ပါကြောင်း၊ နိုင်ငံတစ်ခု၏ စစ်ရေး၊ စီးပွား[...] နိုင်ငံရေးအားလုံးကို ထိပါးမှုမှ ကာကွယ်[...] ဤကဲ့သို့ ကာကွယ်ရေးအတွက် နိုင်ငံ[...] နိုင်ငံသူ၊ နိုင်ငံသားအားလုံးတွင် တာဝန်ရှိ[...] သတိ အမြဲရှိကြရန် လိုအပ်ကြောင်း။

ပြည်ထောင်စု မြန်မာနိုင်ငံတော်ကြီး[...] အစိုးရက ဘက်စုံထောင့်စုံမှ ဖွံ့ဖြိုး[...] ဆောင်ရွက်နေချိန်မှာ အားလုံးသိကြသ[...] ၄-၂၀၀၅ရက်နေ့တွင် ပြည်ပြေးစဝ်ခမ်း[...] များက ရှမ်းပြည်နယ်လွတ်လပ်ရေးကို [...]

"ပြည်တွင်းပြည်ပ အဖျက်သမားများအန္တရာယ်ကို ပြည်သူ့စွမ်းအား စည်းလုံးမှုအင်အားဖြင့် ကာကွယ်ရေး" လူထုအစည်းအဝေးတွင် အခမ်းအနားမှူးအဖြစ် ပုသိမ်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင် ဒေါ်အေးမြမြဝင်းနှင့် တွဲဖက်အခမ်းအနားမှူးအဖြစ် ပုသိမ်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်းဝင် ဒေါ်သန္တာကျော်တို့က ဆောင်ရွက်ကြစဉ်။ (သတင်းစဉ်)

"ပြည်တွင်းပြည်ပ အဖျက်သမားများအန္တရာယ်ကို ပြည်သူ့စွမ်းအား စည်းလုံးမှုအင်အားဖြင့် ကာကွယ်ရေး" နှင့်ပတ်သက်၍ ဧရာဝတီတိုင်း ပြည်ထောင်စုကြံ့ခိုင်ရေး နှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဦးကြည်ဝင်း ဆွေးနွေးတင်ပြစဉ်။ (သတင်းစဉ်)

"ပြည်တွင်းပြည်ပ အဖျက်သမားမျ[...] ပြည်သူ့စွမ်းအား စည်းလုံးမှုအင်အားဖြင့်[...] နှင့်ပတ်သက်၍ ဧရာဝတီတိုင်း အမျိုးသ[...] ကိုယ်စားလှယ် ဒေါ်ခင်မျိုးမြတ် ဆွေး[...]

နိုင်ငံသားတိုင်း ပြည်ထောင်စုကြီး၏တန်ဖိုး၊ အချုပ်အခြာအာဏာ၏တန်ဖိုး၊ လွတ်လပ်ရေး၏တန်ဖိုး၊ ပြည်ထောင်စု မျိုးချစ်စိတ်ဓာတ်၏ တန်ဖိုးကို နားလည် သဘောပေါက်ပြီး ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံး ညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးကို စောင့်ထိန်းကာကွယ် တည်ဆောက်။



...သူ၊ နိုင်ငံသားအားလုံးတွင် တာဝန်ရှိသကဲ့သို့ လုံခြုံရေးသတိ အမြဲရှိကြရန်လို
...လမ်းစဉ်(၇)ရပ် လုပ်ငန်းစဉ်အဆင့်တိုင်း အောင်မြင်အောင် ဆောင်ရွက်နိုင်ရန် အရေးကြီး

ပြည်ထောင်စုကြီးမှခွဲထွက်ရန် အလွန်အန္တရာယ် ကြီးမားသောလုပ်ရပ်ကို လုပ်ဆောင်ခဲ့ကြကြောင်း၊ ယင်းလုပ်ရပ်အပေါ် နိုင်ငံတော်အစိုးရက ဥပဒေကြောင်းအရ အရေးယူဆောင်ရွက်မှုများ ပြုလုပ်ခဲ့သကဲ့သို့ လူမှုရေးအသင်းအဖွဲ့အသီးသီးကလည်း နိုင်ငံတော်အစိုးရ၏ အရေးယူဆောင်ရွက်မှုကို အလေးအနက်ထောက်ခံပြီး သစ္စာဖောက်ပြည်ပြေးစဝ်ခမ်းဖနှင့် အဖွဲ့၏လုပ်ရပ်ကို ပြင်းပြင်းထန်ထန်ရှုတ်ချကြောင်း ထုတ်ဖော်ကြေညာခဲ့ပြီးဖြစ်ပါကြောင်း။

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းကြီးသည် နိုင်ငံတော်နှင့် ပြည်သူအားလုံး၏ အမျိုးသားအကျိုးစီးပွားကို သယ်ပိုးထမ်းဆောင်နိုင်ရန်အတွက် ဖွဲ့စည်းထားသော အမျိုးသားရေးအဖွဲ့ကြီးဖြစ်သဖြင့် အသင်းဝင်များအနေဖြင့်

“ပြည်တွင်းပြည်ပ အဖျက်သမားများအန္တရာယ်ကို ပြည်သူ့စွမ်းအား စည်းလုံးမှုအင်အားဖြင့် ကာကွယ်ရေး” လူထုအစည်းအဝေးတွင် သဘာပတိ ရောဝတီတိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဒေါက်တာစိုးသူရ အမှာစကားပြောကြားစဉ်။
(သတင်းစဉ်)

ကြောင်း၊ ယခုအခါ ပထမအဆင့်ဖြစ်သည့် အမျိုးသားညီလာခံကြီး ကျင်းပနေပြီဖြစ်ပါကြောင်း၊ အမျိုးသားညီလာခံကြီးက ချမှတ်သည့် အခြေခံမူများအပေါ်မူတည်ပြီး ထွက်ပေါ်လာမည့် ဖွဲ့စည်းပုံ အခြေခံဥပဒေများသည် ပြည်ထောင်စု မြန်မာနိုင်ငံတော်၏ အသက်ဝိညာဉ်ပမာ အရေးကြီးလှကြောင်း။

ထို့ကြောင့် ဖွဲ့စည်းပုံအခြေခံဥပဒေသည် ပျော့ကွက်ဟာကွက်မရှိသည့် ဘက်ပေါင်းစုံ မှန်ကန်ခိုင်မာနေပြီး အခွန့်ရှည်ကြာ တည်မြဲခိုင်မာသော အခြေခံဥပဒေကောင်းတစ်ခုဖြစ်ရန် အလေးထားပြီး ကြိုးပမ်းပြုစုကြရမှာဖြစ်သကဲ့သို့ အဆင့်တိုင်းအောင်မြင်ရန်အတွက် ပြည်သူအားလုံးက တက်တက်ကြွကြွ ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရမှာဖြစ်ကြောင်း။

နိဂုံးချုပ်အနေဖြင့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ အပါအဝင် ပြည်သူအားလုံးက ပြည်ထောင်စုကြီး ထာဝရအခွန့်ရှည် တည်တံ့ခိုင်မြဲစေရေး၊ အမျိုးသားရေးအမွေကို လက်ဆင့်ကမ်း ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရင်း ပြည်ထောင်စုကြီးကို ထိပါးလာသူ၊ နိုင်ငံတော်နှင့်ပြည်သူတို့၏ အကျိုးစီးပွား ထိခိုက်

တည်ဆောက်နေချိန်

ထို့နောက် အမျိုးသမီးရေးရာအဖွဲ့ ကိုယ်စားလှယ် ဒေါ်ခင်မျိုးမြတ်က ဆက်လက်ဆွေးနွေး တင်ပြရာတွင် တပ်မတော်အစိုးရလက်ထက်တွင် နိုင်ငံတော် အမျိုးသားရေးမူဝါဒဖြစ်သည့် ဒို့တာဝန်အရေး(၃)ပါးကို ချမှတ်ပြီး နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးဦးတည်ချက်များ ချမှတ်ကာ အဘက်ဘက်က ပျက်ယွင်းနေသည့် အခြေအနေများကို ပြန်လည်ထိန်းသိမ်းပြီး နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးကို တည်ဆောက်ရတာဖြစ်ကြောင်း၊ ဤသို့ တည်ဆောက်နေသည့်နေရာတွင် ပြည်ပအကူအညီမပါဘဲ ပြည်တွင်းမှာရှိသည့်အင်အားများဖြင့် နိုင်ငံတော်ကို တည်ဆောက်နေခြင်းဖြစ်ကြောင်း၊ ယခုအချိန်အခါသည် ပြည်သူများလိုလားတောင့်တသည့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံထူထောင်ရန် အခြေခံအုတ်မြစ်များ တည်ဆောက်နေသည့် အချိန်ဖြစ်ကြောင်း။

နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ရာတွင် နိုင်ငံတော်အတွင်း၌ရှိသည့် ပြည်သူအားလုံးကပါ ပါဝင်ကြိုးစားဆောင်ရွက်မှသာ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးသည့်နေရာမှ အမြဲထာဝရ ပါဝင်ဆောင်ရွက်ခဲ့ကြကြောင်း။

ဤသို့ နိုင်ငံတော်အစိုးရနှင့်အတူ လူမှုရေး အသင်းအဖွဲ့များ၊ ပြည်သူလူထုတစ်ရပ်လုံးက ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ခဲ့ကြသည့်အတွက် တစ်ခါမှုမရရှိခဲ့ဖူးသည့် ဖွံ့ဖြိုးတိုးတက်မှုအသီးအပွင့်များကို အားလုံးခံစားနေကြရပြီဖြစ်ကြောင်း၊ မိမိတို့ ရောဝတီတိုင်းသည် ယခင်က ရေလမ်းခရီးကိုသာ အားထားသွားလာရကြောင်း၊ ယခုဆိုလျှင် နိုင်ငံတော်အစိုးရက လမ်း၊ တံတားကြီးပေါင်း ၅၈စင်း ဆောက်လုပ်ပေးခဲ့သည့်အတွက် တိုင်းအတွင်းရှိ မြို့များကို ကုန်းလမ်းခရီးမှ မော်တော်ယာဉ်များဖြင့် အချိန်တိုတိုအတွင်း သွားလာနိုင်ပြီဖြစ်ကြောင်း၊ ယခင်က ပုသိမ်မြို့နှင့် ရန်ကုန်မြို့ကို ရေလမ်းခရီးဖြင့် ၁၈နာရီကြာ သွားလာခဲ့ရာမှ ယခုဆိုလျှင် ကုန်းလမ်းခရီးမှ မော်တော်ယာဉ်များဖြင့် သုံးနာရီဖြင့် သွားလာနိုင်ပြီဖြစ်သည်ကို အားလုံးလက်တွေ့ ခံစားနေကြရပြီဖြစ်ကြောင်း။

ထို့အပြင် ကျန်းမာရေးကဏ္ဍတွင်လည်း ခေတ်မီဆေးရုံကြီးများ၊ အထူးကုဆရာဝန်များနှင့် ကုသနိုင်ပြီဖြစ်ကြောင်း၊ မိမိတို့တိုင်းသည် ဆန်စပါးကို အဓိကအားထား စိုက်ပျိုးထုတ်လုပ်သည့်တိုင်း ဖြစ်သည်နှင့်အညီ တစ်သီးစားမှ နှစ်သီးစား၊ သုံးသီးစားအထိ စိုက်ပျိုးနိုင်သည့်အတွက် ဒေသတွင်း ဝမ်းစာဖူလုံသည့်အပြင် အခြားပြည်နယ်တိုင်းများကိုပါ ပို့ဆောင် ဖြန့်ဖြူးနေသည့်အတွက် နိုင်ငံတော်၏ စပါးကျီအဖြစ် တင်စားခြင်းခံခဲ့ရကြောင်း၊ ထို့အပြင် ရေချိုရေငန် မွေးမြူခြင်းအပြင် ခေတ်မီသံလှောင်အိမ်စနစ်ဖြင့် ငါးမွေးမြူခြင်းတို့ ဆောင်ရွက်နိုင်သည့်အတွက် နိုင်ငံတော်၏ ဟင်းအိုးကြီးလည်းဖြစ်ခဲ့ရကြောင်း၊ လမ်းပန်းဆက်သွယ်ရေး အဆင်ပြေချောမွေ့လာသည်နှင့် အမျှ စီးပွားရေး ဖွံ့ဖြိုးတိုးတက်လာကာ နိုင်ငံတော်တစ်ခုလုံး၏ စီးပွားရေးကို ၂၀ရာခိုင်နှုန်း တာဝန်ယူဆောင်ရွက်ပေးနိုင်သည့်အတွက် မိမိတို့ တိုင်းသူတိုင်းသားများအဖို့ ဂုဏ်ယူစရာဖြစ်ကြောင်း၊ မိမိနိုင်ငံ ဖွံ့ဖြိုးတိုးတက်ရန်နှင့် မိမိလူမျိုးကို အမှန်တကယ်ချစ်မြတ်နိုးသည်ဆိုလျှင် နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ကြရမှာဖြစ်ကြောင်း။

သဲသဲကွဲကွဲမြင်တွေ့နေ

နိုင်ငံတော်အစိုးရနှင့် ပြည်သူများအကြား အထင်အမြင် လွဲမှားအောင် ကောလာဟလ သတင်းထုတ်လွှင့်မှုများ ဆောင်ရွက်နေကြသည်မှာ ဒီမိုကရေစီရရှိရေးအတွက် ဆောင်ရွက်ချက်များလား၊ အလုံးစုံပျက်စီးရေး ဆောင်ရွက်ချက်များလားဆိုသည်ကို ပြည်သူအားလုံး သဲသဲကွဲကွဲ မြင်တွေ့နေကြရပြီဖြစ်ကြောင်း၊ အကြမ်းဖက်ဗုံးဖောက်ခွဲမှု လုပ်ရပ်များကြောင့် အပြစ်မဲ့သည့် ရဟန်းရှင်လူ ပြည်သူများ သေကျေထိခိုက်ခဲ့ကြရကြောင်း၊

စာမျက်နှာ ၁၀ ကော်လံ ၁ သို့ ❐



ကြောင်း၊ နိုင်ငံတစ်ခု၏ စစ်ရေး၊ စီးပွားရေး၊ လူမှုရေးနှင့် နိုင်ငံရေးအားလုံးကို ထိပါးမှုမှ ကာကွယ်ရန်ဖြစ်ပါကြောင်း၊ ဤကဲ့သို့ ကာကွယ်ရေးအတွက် နိုင်ငံအတွင်း၌ရှိသည့် နိုင်ငံသူ၊ နိုင်ငံသားအားလုံးတွင် တာဝန်ရှိသကဲ့သို့ လုံခြုံရေးသတိ အမြဲရှိကြရန် လိုအပ်ကြောင်း။

ပြည်ထောင်စု မြန်မာနိုင်ငံတော်ကြီးကို နိုင်ငံတော်အစိုးရက ဘက်စုံထောင့်စုံမှ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်နေချိန်မှာ အားလုံးသိကြသည့်အတိုင်း ၁၇–၄–၂၀၀၅ရက်နေ့တွင် ပြည်ပြေးစဝ်ခမ်းဖနှင့် အပေါင်းပါများက ရှမ်းပြည်နယ်လွတ်လပ်ရေးကို ကြေညာခြင်းဖြင့်

“ပြည်တွင်းပြည်ပ အဖျက်သမားများအန္တရာယ်ကို ပြည်သူ့စွမ်းအား စည်းလုံးမှုအင်အားဖြင့် ကာကွယ်ရေး” နှင့်ပတ်သက်၍ ရောဝတီတိုင်း အမျိုးသမီးရေးရာအဖွဲ့ ကိုယ်စားလှယ် ဒေါ်ခင်မျိုးမြတ် ဆွေးနွေးတင်ပြစဉ်။
(သတင်းစဉ်)

နိုင်ငံတော်ကချမှတ်လျက်ရှိသည့် နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များတွင် တက်ကြွစွာ ပါဝင်ဆောင်ရွက်လျက်ရှိကြောင်း။

ထို့ပြင် နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်ရေးအတွက် လုပ်ငန်းစဉ်အဆင့်တိုင်း အောင်မြင်အောင် ဆောင်ရွက်နိုင်ရန် အလွန်အရေးကြီးပါ

“ဒို့တာဝန်အရေး(၃)ပါးကိုခံယူပြီး နိုင်ငံတော်အေးချမ်းသာယာရေး၊ ဖွံ့ဖြိုးတိုးတက်ရေး တည်ဆောက်မှုများနှင့် နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်အောင်မြင်ရေးတွင် ပြည်ထောင်စုစိတ်ဓာတ်အပြည့်အဝဖြင့် ပူးပေါင်းပါဝင် ဆောင်ရွက်ရေး”နှင့်ပတ်သက်၍ ရောဝတီတိုင်း မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ကိုယ်စားလှယ် ဒေါ်နွယ်နီမြင့် ဆွေးနွေးတင်ပြစဉ်။
(သတင်းစဉ်)

ဆုံးရှုံးစေရန် ထိပါးနှောင့်ယှက်လာသူများ အန္တရာယ်ကို ပြည်သူ့သဘောထား(၄)ရပ်ဖြင့် ပြည်တွင်းပြည်ပ အဖျက်သမားများ အန္တရာယ်ဟူသမျှကို ပြည်သူ့စွမ်းအား၊ စည်းလုံးမှုအင်အားဖြင့် ဝိုင်းဝန်းကာကွယ်ကြပါစို့ဟု တိုက်တွန်းရင်း နိဂုံးချုပ်ပါကြောင်း စသည်ဖြင့် ဆွေးနွေးတင်ပြသွားသည်။

“ဒို့တာဝန်အရေး(၃)ပါးကိုခံယူပြီး နိုင်ငံတော်အေးချမ်းသာယာရေး၊ ဖွံ့ဖြိုးတိုးတက်ရေး တည်ဆောက်မှုများနှင့် နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်အောင်မြင်ရေးတွင် ပြည်ထောင်စုစိတ်ဓာတ်အပြည့်အဝဖြင့် ပူးပေါင်းပါဝင် ဆောင်ရွက်ရေး”နှင့်ပတ်သက်၍ ရောဝတီတိုင်း စစ်မှုထမ်းဟောင်းအဖွဲ့ ကိုယ်စားလှယ် ဗိုလ်ကြီးစိန်မောင်(အငြိမ်းစား) ဆွေးနွေးတင်ပြစဉ်။
(သတင်းစဉ်)

တိုးတက်သည့် နိုင်ငံတော်ကြီး ပေါ်ထွန်းလာမှာ ဖြစ်ပါကြောင်း၊ ထို့ကြောင့် လူမှုရေးအသင်းအဖွဲ့များဖွဲ့စည်းကာ ဆောင်ရွက်လျက်ရှိကြောင်း၊ မြန်မာနိုင်ငံ၏ သမိုင်းတစ်လျှောက်တွင် အမျိုးသားရေး ကြိုးပမ်းဆောင်ရွက်မှုတိုင်းတွင် မြန်မာအမျိုးသမီးထုကြီးကလည်း ထိုက်တန်

“ပြည်တွင်းပြည်ပ အဖျက်သမားများအန္တရာယ်ကို ပြည်သူ့စွမ်းအား စည်းလုံးမှုအင်အားဖြင့် ကာကွယ်ရေး” နှင့် “ဒို့တာဝန်အရေး(၃)ပါးကိုခံယူပြီး နိုင်ငံတော်အေးချမ်းသာယာရေး၊ ဖွံ့ဖြိုးတိုးတက်ရေး တည်ဆောက်မှုများနှင့် နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်အောင်မြင်ရေးတွင် ပြည်ထောင်စုစိတ်ဓာတ်အပြည့်အဝဖြင့် ပူးပေါင်းပါဝင် ဆောင်ရွက်ရေး”နှင့်ပတ်သက်၍ ရောဝတီတိုင်း ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းမှ ကိုယ်စားလှယ် ဦးအောင်ကျော်စိန် ထောက်ခံဆွေးနွေးတင်ပြစဉ်။
(သတင်းစဉ်)

မိမိတို့ပြည်သူများ ရယူလိုသည့် ဒီမိုကရေစီသည် အေးချမ်းသာယာ ပျော်ရွှင်ဖွယ်ရာအတိပြီးသည့် ဒီမိုကရေစီဖြစ်

အစိုးရလည်းပြည်သူ၊ ပြည်သူလည်းအစိုးရ တစ်သားတည်းဖြစ်သည့် ဒီမိုကရေစီဖြစ်

နောင်တစ်ချိန်တွင် နိုင်ငံတာဝန်ကို ပခုံးပြောင်း တာဝန် ထမ်းဆောင်ကြမည့် မျိုးဆက်သစ်လူငယ်များအား ကျန်းမာ ကြံ့ခိုင်စေရေးနှင့် ကလေးများကို အနီးကပ် လမ်းညွှန်ပေးမည့် မိခင်ကောင်းများဖြစ်ရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက် ရှိကြောင်း။

မိမိတို့မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းကြီးအနေ ဖြင့် ကျန်းမာရေးဝန်ကြီးဌာန၊ လူမှုရေးအသင်းအဖွဲ့များနှင့် ပူးပေါင်းကာ HIV/AIDS ရောဂါကို အရေးကြီးရောဂါ အဖြစ် သတ်မှတ်ကာ အမျိုးသားရေးအသွင်ဖြင့် ပြည်သူလူထု ကို ပညာပေးခြင်း၊ အသိပေးဆွေးနွေးခြင်းများကို ကျေးရွာ များအထိ ကျယ်ကျယ်ပြန့်ပြန့် ပူးပေါင်းဆောင်ရွက်လျက် ရှိကြောင်း၊ သို့သော်လည်း မကြာခင်က ထုတ်ဝေသည့် HIV and National Security Where are the Links စာစောင်၌ HIV မျိုးကွဲများစွာသည် မြန်မာနိုင်ငံမှ စတင် ဖြစ်ပေါ်ခဲ့သည်ဟု မမှန်မကန် ဖော်ပြထားသည်ကို တွေ့ရှိ

"ပြည်တွင်းပြည်ပ အဖျက်သမားများ အန္တရာယ်ကို ပြည်သူ့စွမ်းအား စည်းလုံးမှုအင်အားဖြင့် ကာကွယ်ရေး" လူထုအစည်းအဝေးတွင် ကြွေးကြော်သံများကို တစ်ခဲနက် ကြွေးကြော်ကြစဉ်။ (သတင်းစဉ်)

တယ်လီဖုန်းများဖြင့် ပြည်တွင်းသာမက ပြည်ပသို့ပင် ဆက်သွယ်ပြောဆိုနိုင်ခြင်း စသည့် ဖွံ့ဖြိုးမှုများကို ခံစားနေ ကြရပြီဖြစ်ကြောင်း။

မကြာသေးခင်က ရန်ကုန်မြို့၌ ဖြစ်ပွားခဲ့သည့် ဗုံးဖောက်ခွဲမှု ကိုကြည့်လျှင် အပြစ်မဲ့သည့် မိမိတို့ပြည်သူများ သေကျေ ဆုံးရှုံးခဲ့ရခြင်းဖြစ်ကြောင်း၊ လူလူချင်းထောက်ထား ညှာတာမှု မရှိ၊ ရက်စက်သည့်လုပ်ရပ်ဖြစ်ကြောင်း၊ ပြည်ပသြဇာခံပြီး အာဏာကို ဖြတ်လမ်းကရယူလိုသူများက နိုင်ငံတော် ဖွံ့ဖြိုးမှု အရှိန်အဟုန် ရပ်တန့်သွားအောင် အပြစ်မဲ့ပြည်သူများကို ဗုံးထောင်လူသတ်လုပ်ရပ်များကို ဆောင်ရွက်နေကြခြင်း ဖြစ်ကြောင်း၊ ထို့အပြင် မိမိအာဏာရမှ ထောက်ပံ့စေခြင်း၊ စီးပွားရေးပိတ်ဆို့မှုများကို တွန်းအားပေးခြင်း၊ လူ့အခွင့်အရေး ဗန်းပြပြီး အဓမ္မစွပ်စွဲမှုများပြုလုပ်ခြင်း၊ နိုင်ငံဖွံ့ဖြိုးရေး ဆောင် ရွက်ချက်များကို မျက်ကွယ်ပြုခြင်း စသည့် ပြည်တွင်းပြည်ပ က အဖျက်သမားများ၏ လုပ်ဆောင်ချက်များကို ပြည်တွင်း ပုဆိန်ရိုးများက ထောက်ခံအားပေးနေကြကြောင်း၊ ဤကဲ့သို့ ဖွံ့ဖြိုးတိုးတက်မှုများကို ပျက်စီးရာပျက်စီးကြောင်း အကြမ်း ဖက်ဖျက်ဆီးခဲ့ကြသည့် ပြည်ပအားကိုး ပြည်တွင်းပုဆိန်ရိုး များနှင့် မိမိတို့ပြည်တွင်းရေးကို နှောင့်ယှက်ဖျက်ဆီးသည့် ပြည်ပနိုင်ငံများကို မိမိတို့အနေဖြင့် လုံးဝလက်မခံနိုင်ပါ

❐ စာမျက်နှာ ၄မှ

ဤဖြစ်ရပ်များသည် မည်သို့မျှ မေ့ပျောက်၍ရမှာ မဟုတ် ကြောင်း၊ ထို့အပြင် စီးပွားရေးပိတ်ဆို့မှုများကြောင့် မိမိတို့ အမျိုးသမီးငယ်အချို့ လူမှောင်ခိုကူးမှု၏ သားကောင်အဖြစ် ကျရောက်ခဲ့ရသည်ကိုလည်း အားလုံးအသိဖြစ်ကြောင်း။

ဒီမိုကရေစီဆိုသည့် လွတ်လပ်ခွင့်ကို တလွဲအဓိပ္ပာယ် ဖွင့်ဆိုပြီး ဘယ်သူသေသေ ငတေမာရင်ပြီးရော ဆိုပြီး ထင်ရာစိုင်းမည်ဆိုလျှင် မင်းမဲ့စရိုက် လွှမ်းမိုးသွားမှာ ဖြစ်ကြောင်း၊ မိမိတို့ ပြည်သူများရယူလိုသည့် ဒီမိုကရေစီ သည် အေးချမ်းသာယာပြီး နှလုံးချမ်းမြေ့မှု၊ ကြည်နူးမှုနှင့် ပျော်ရွှင်ဖွယ်ရာ အတိပြီးသည့် ဒီမိုကရေစီဖြစ်ကြောင်း၊ အစိုးရနှင့်ပြည်သူ ကြည်ဖြူစွာလက်တွဲလျက် အစိုးရလည်း ပြည်သူ၊ ပြည်သူလည်းအစိုးရ တစ်သားတည်းဖြစ်သည့် ဒီမိုကရေစီဖြစ်ကြောင်း၊ ထို့ကြောင့် တခြားနိုင်ငံက ဒီမိုကရေစီ များနှင့် ပုံတူကူးချ၍ မရနိုင်ကြောင်း။

ပြီးခဲ့သည့် ဇူလိုင်လ ၃ ရက် မြန်မာအမျိုးသမီးများနေ့ တွင် တစ်နိုင်ငံလုံးမှာရှိသည့် အမျိုးသမီးထုကြီး တစ်ရပ်လုံး က နိုင်ငံအကျိုး၊ ပြည်သူ့အကျိုးကို နှောင့်ယှက်ဖျက်ဆီးရန် ကြံစည်လုပ်ဆောင်ခြင်းများကို ဖော်ထုတ်ရှုတ်ချခဲ့ပြီး ဒို့တာဝန်အရေး(၃)ပါးကို ဦးထိပ်ပန်ဆင်ကာ ပြည်ထောင်စု စိတ်ဓာတ်၊ မျိုးချစ်စိတ်ဓာတ်ဖြင့် တည်ဆောက်ကာကွယ် သွားမှာဖြစ်ကြောင်း ကတိပြုတင်ပြခဲ့ကြကြောင်း၊ ဤသည် မှာ အမျိုးသမီးထုကြီး၏ ရင်ထဲကအသံ၊ ပြည်သူတစ်ရပ် လုံး၏ လိုလားချက်အမှန်များဖြစ်ကြောင်း၊ ပြည်သူတစ်ရပ် လုံးက ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်တည်ဆောက် လိုစိတ် ပြင်းပြနေခြင်းသည် နိုင်ငံတော်၏ အမျိုးသားရေး ပန်းတိုင်ဖြစ်သည့် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက် သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံ ထူထောင်ရေးကို အရှိန်အဟုန်ဖြင့် ဖော်ဆောင်ပေးမည့် ပြည်သူ့စွမ်းအားကြီးပင် ဖြစ်ကြောင်း။

နိဂုံးချုပ်အားဖြင့် မိမိတို့နိုင်ငံ၏ ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် (၇)ရပ်ကိုလည်း အကောင်အထည်ဖော် ဆောင်ရွက်နေပြီဖြစ်ကြောင်း၊ ပထမအဆင့်ဖြစ်သည့် အမျိုးသားညီလာခံကြီးကိုကျင်းပနေပြီဖြစ်ကြောင်း၊ နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်ရေးသည် ဒီမိုကရေစီ ကူးပြောင်းရေးအတွက် အဓိက လုပ်ငန်းစဉ်များ ဖြစ်၍ ဤလုပ်ငန်းစဉ်များ အောင်မြင်ရေးကို ပြည်သူအားလုံး က မျိုးချစ်စိတ်ဓာတ်၊ ပြည်ထောင်စုစိတ်ဓာတ် အခြေခံပြီး တက်တက်ကြွကြွ အင်တိုက်အားတိုက် ပါဝင်ဆောင်ရွက်ကြ ရမှာဖြစ်ကြောင်း၊ မိမိတို့ ပြည်သူများအနေဖြင့် မူဝါဒ လမ်းစဉ်(၇)ရပ် ပျက်စီးရာပျက်စီးကြောင်းကို ဆောင်ရွက် လာကြသည့် ပြည်တွင်းပြည်ပ အဖျက်သမားများကို အမျိုးသားရေးအသိ၊ ပြည်သူ့သဘောထား(၄)ရပ်ဖြင့် တွန်းလှန်ဖယ်ရှားသွားမှာဖြစ်ကြောင်း။

ထို့ကြောင့် မိမိတို့ပြည်သူများ မျှော်လင့်တောင့်တနေ သည့် စည်းကမ်းပြည့်ဝသော စစ်မှန်သည့် ဒီမိုကရေစီ နိုင်ငံတော်ကြီး ပေါ်ထွန်းရေးအတွက် ကျရာအခန်းကဏ္ဍက ဝိုင်းဝန်းကြိုးပမ်း တည်ဆောက်ရင်း ဖျက်လိုဖျက်ဆီးပြုလိုသူ ပြည်တွင်းပြည်ပ အဖျက်သမားများ၏ အန္တရာယ်ကို ပြည်သူများ၏ စည်းလုံးညီညွတ်မှုစွမ်းအား၊ မျိုးချစ်စိတ်ဓာတ်၊ ပြည်ထောင်စုစိတ်ဓာတ်များဖြင့် တွန်းလှန်တိုက်ဖျက် ကာကွယ် သွားမည်ဖြစ်ပါကြောင်း စသည်ဖြင့် ဆွေးနွေးတင်ပြသွား သည်။

ကြိုးပမ်းဆောင်ရွက်နေ

ဆက်လက်၍ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ကိုယ်စားလှယ် ဒေါ်နွယ်နီမြင့်က **"ဒို့တာဝန်အရေးသုံးပါး ကိုခံယူပြီး နိုင်ငံတော် အေးချမ်းသာယာရေး၊ ဖွံ့ဖြိုးတိုးတက် ရေး တည်ဆောက်မှုများနှင့် နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်ရေးတွင် ပြည်ထောင်စု စိတ်ဓာတ် အပြည့်အဝဖြင့် ပူးပေါင်းပါဝင်ဆောင်ရွက်ရေး"** နှင့်ပတ်သက်၍ ဆွေးနွေးတင်ပြရာတွင် ဧရာဝတီတိုင်း အတွင်းရှိ မိခင်နှင့်ကလေးများ၊ မိသားစုများ၏ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး၊ လူနေမှုဘဝ အဆင့်အတန်း မြင့်မားလာစေရေးအတွက် တိုင်းအတွင်း မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းများ ဖွဲ့စည်းပြီး မိခင်နှင့်ကလေး စောင့်ရှောက်ရေးလုပ်ငန်း၊ ကလေးများ ကြိုတင်ကာကွယ် ဆေးထိုးလုပ်ငန်း၊ အာဟာရ တိုက်ကျွေးခြင်းလုပ်ငန်း၊ ခုခံအားကျဆင်းမှု ကူးစက်ရောဂါ ကာကွယ်တိုက်ဖျက်ရေး လုပ်ငန်းများ၊ မိခင်နို့ စနစ်တကျတိုက်ကျွေးရေးနှင့် စပ်လျဉ်း သည့် ဆောင်ရွက်မှုများကို စဉ်ဆက်မပြတ် စီမံချက်ချပြီး ဆောင်ရွက်ပေးလျက်ရှိနေကြောင်း၊ မိမိတို့အသင်းကြီးသည် ရကြောင်း၊ ယင်းစွပ်စွဲချက်များသည် တစ်နိုင်ငံလုံးကိုသော် လည်းကောင်း၊ ဒေသတစ်ခုလုံးကို သော်လည်းကောင်း ကိုယ်စားပြုခြင်းမဟုတ်ဘဲ သတ်မှတ်ရွေးချယ်ထားသည့် မူးယစ်ဆေးဝါးသုံးစွဲသူ နမူနာအချို့ကိုသာ သုတေသနပြုပြီး ဖော်ပြထားခြင်းဖြစ်၍ မဟုတ်မမှန် စွပ်စွဲချက်တစ်ရပ်သာ ဖြစ်ကြောင်း အခွင့်သင့်တုန်း တင်ပြလိုပါကြောင်း၊ ကုလ သမဂ္ဂက ကျွမ်းကျင်သူပါဝင်သည့် အဖွဲ့ကလည်း ဤကဲ့သို့ မြန်မာနိုင်ငံအပေါ် စွပ်စွဲခြင်းသည် မမှန်မကန်ဟုပြောပြီး ဖြစ်ကြောင်း။

မိမိတို့ အမျိုးသမီးများက အနာဂတ်နိုင်ငံတော်အတွက် တစ်ဖက်တစ်လမ်းက ဆောင်ရွက်နေချိန်တွင် နိုင်ငံတော် အာဏာကို ဖြတ်လမ်းက ရယူလိုသူများက နိုင်ငံတော် ပျက်စီးရာ ပျက်စီးကြောင်းကို နည်းမျိုးစုံဖြင့် ဟန့်တား နှောင့်ယှက်နေကြကြောင်း၊ မိမိတို့အနေဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို ထိပါးလာခြင်းဟူသမျှကို ပြည်သူ များ၊ လူမှုရေးအသင်းအဖွဲ့များနှင့်အတူ တွန်းလှန်ချေမှုန်း သွားကြရမှာဖြစ်ကြောင်း၊ ဒို့တာဝန်အရေး(၃)ပါးဖြစ်သည့် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတို့သည် နိုင်ငံတော်အတွက် ရာသက်ပန်ထိန်းသိမ်းရမည့် အမျိုးသား ရေးတာဝန်ကြီးဖြစ်ကြောင်း။

ဖွံ့ဖြိုးမှုခံစားနေရ

မိမိတို့တိုင်းအတွင်းမှာ ကြည့်မည်ဆိုလျှင် ပညာရေးကဏ္ဍ အနေဖြင့် တက္ကသိုလ်များ၊ ကောလိပ်များ တည်ဆောက်ဖွင့်လှစ် ပေးခြင်း၊ အခြေခံပညာကျောင်းများ တိုးချဲ့ဖွင့်လှစ်ပေးခြင်း တို့ကြောင့် တိုင်းအတွင်းရှိ လူငယ်များ ပညာသင်စရိတ် သက်သာစွာဖြင့် ပညာသင်ကြားနိုင်ပြီဖြစ်ကြောင်း၊ ကျေးလက် ဒေသများနှင့် မြို့ပြဒေသများကွာဟမှု မရှိစေရေးအတွက် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်ကြီး(၅)ရပ်ကို ချမှတ် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ မိမိတို့၏ ကျေးလက် ဒေသများ၌ တစ်ရွာနှင့်တစ်ရွာ ရာသီမရွေး လွယ်ကူစွာ သွားလာနိုင်ခြင်း၊ မိမိတို့ကျေးရွာများ၌ပင် အထက်တန်း ပညာများ ဆည်းပူးနိုင်ခြင်း၊ ကျေးလက်စာကြည့်တိုက်များ ဖွင့်လှစ်ပေးသည့်အတွက် ပညာဗဟုသုတ တိုးပွားခြင်း၊ ဆက်သွယ်ရေး ဖွံ့ဖြိုးတိုးတက်လာသည့်အတွက် ကျေးလက် ကြောင်း၊ ပြည်သူများနှင့်အတူ လက်တွဲပြီး အဖျက်ရန်ကို ကာကွယ်တွန်းလှန်သွားမှာဖြစ်ကြောင်း၊ မိမိတို့ပြည်သူများ၌ ပြည်ထောင်စုစိတ်ဓာတ်၊ မျိုးချစ်စိတ်ဓာတ်များသာ မွေးရာပါ ဗီဇစိတ်ဓာတ်များဖြစ်ပြီး ဤစိတ်ဓာတ်များကို ရှင်သန်အောင် ဆောင်ရွက်ကြရန်လိုအပ်ကြောင်း၊ အမျိုးကိုထိလျှင် မချိအောင် နာတတ်ပြီး အေးအတူပူအမျှ တိုင်းရင်းသားအချင်းချင်း စည်းလုံးညီညွတ်စွာ အတူတကွ လက်တွဲနေထိုင်သည့် စည်းလုံးညီညွတ်မှုစိတ်ဓာတ်၊ မျိုးချစ်စိတ်ဓာတ်များသည် တိုင်းရင်းသားပြည်သူများ၏ ရင်ထဲတွင် အစဉ်ကိန်းဝပ် ရှင်သန်နေလျက်ရှိကြောင်း။

မိမိတို့နိုင်ငံ၌ ပြည်သူအများ မျှော်လင့်တောင့်တနေသည့် စစ်မှန်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်ကို ထူထောင်နေကြောင်း၊ ဤကဲ့သို့ ဆောင်ရွက်ရာတွင် နိုင်ငံ တော် တည်ငြိမ်အေးချမ်းမှုရှိရန် လိုအပ်ကြောင်း၊ ထို့ကြောင့် နိုင်ငံတော်တည် ငြိမ်အေးချမ်းမှုကို ဖျက်လိုဖျက်ဆီးပြုလုပ်သူ ဟူသမျှ၊ ဒို့တာဝန်အရေး(၃)ပါးကို ထိခိုက်သူဟူသမျှကို တွန်းလှန်သွားကြရမှာဖြစ်ကြောင်း စသည်ဖြင့် ဧရာဝတီတိုင်း မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းကိုယ်စား ကတိပြု ပြောကြားသွားသည်။

ဖွံ့ဖြိုးတိုးတက်နေ

ဆက်လက်၍ စစ်မှုထမ်းဟောင်းအဖွဲ့ ကိုယ်စားလှယ် ဗိုလ်ကြီးစိန်မောင်(အငြိမ်းစား)က ဆက်လက်တင်ပြရာတွင် နိုင်ငံတော်က မြစ်ချောင်းပေါများလှသည့် ဧရာဝတီတိုင်း၌ နိုင်လွန်ကတ္တရာလမ်းများ၊ မြစ်ကူးတံတားကြီးများကို ကွန်ရက်သဖွယ် တည်ဆောက်ပေးနိုင်ခဲ့သဖြင့် တိုင်းအတွင်း စီးပွားရေး၊ လူမှုရေးကဏ္ဍစုံ သိသိသာသာ ဖွံ့ဖြိုးတိုးတက် လျက် ရှိနေပြီဖြစ်ကြောင်း။

ရေထိန်းတံခါးကြီးများ၊ ရေလှောင်တမံများ၊ မြစ်ရေတင် စီမံကိန်းများကြောင့် ရေအောက်ရတနာမြေများ တိုးတက် ပေါ်ထွန်းလာပြီး မိုးစပါး၊ နွေစပါးစိုက်ဧကများ တိုးတက် လာသည်နှင့်အတူ သီးနှံအထွက်နှုန်းလည်း မြင့်မားလျက် ရှိနေကြောင်း၊ ထို့အပြင် မြေပေါ် ငါး၊ ပုစွန် မွေးမြူရေး ကန်များအပြင် ပုသိမ်မြစ်အတွင်း သံလှောင်အိမ်စနစ်ဖြင့် ငါးမွေးမြူထုတ်လုပ်နိုင်မှုကြောင့် ငါး၊ ပုစွန်ထုတ်လုပ်မှုနှုန်း မြင့်မားကာ ဒေသတွင်း စိုက်ပျိုးမွေးမြူရေး ဖွံ့ဖြိုးတိုးတက် လျက်ရှိနေကြောင်း။

စာမျက်နှာ ၁၁ ကော်လံ ၁ သို့ ❍

မြောက်ယမား (ရေကူ) ရေလှောင်တမံစီမံကိန်း

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဌွေးဦး စစ်ကိုင်းတိုင်း ပုလဲမြို့နယ်တွင် တည်ဆောက်မည့် မြောက်ယမား (ရေကူ) ရေလှောင်တမံစီမံကိန်းကို ကြည့်ရှုစစ်ဆေးစဉ်။

(လယ်ယာ/ဆည်မြောင်း)

❍ စာမျက်နှာ ၁၀ မှ

ထို့အတူ စက်မှု၊ ဆက်သွယ်ရေး၊ ပညာရေး၊ ကျန်းမာရေးစသည့် ကဏ္ဍများတွင်လည်း သိသိသာသာ တိုးတက်လာပြီး မိမိတို့ မြစ်ဝကျွန်းပေါ်ဒေသ ဘက်စုံဖွံ့ဖြိုးတိုးတက်မှုများကို ပြည်သူများ လက်တွေ့ကျကျ သိမြင်ခံစားနေကြရပြီဖြစ်ကြောင်း။

စွက်ဖက်နေ

သို့သော် နိုင်ငံတော်၏ ဖွံ့ဖြိုးတိုးတက်မှုကို မရှုဆိတ်နိုင်သည့် အင်အားကြီးနိုင်ငံအချို့သည် မြန်မာနိုင်ငံကို ၎င်းတို့၏ ဩဇာခံနိုင်ငံဖြစ်စေရေးအတွက် ဖိအားပေးမှုများ၊ ထိုးနှက်မှုများ အဆက်မပြတ် လုပ်ဆောင်လျက်ရှိနေကြောင်း၊ ကိုလိုနီလက်သစ်တို့က သူတို့ဩဇာလွှမ်းမိုးနိုင်ရန် ဒီမိုကရေစီနှင့် လူ့အခွင့်အရေးဆိုသည့် စကားလုံးများကို တွင်တွင်သုံးပြီး ပြည်တွင်းရေးတည်ငြိမ်မှု ပျက်ပြားစေရန် ဝင်ရောက်စွက်ဖက်နေကြကြောင်း။

ကိုလိုနီလက်သစ် အင်အားကြီးနိုင်ငံအချို့သည် မိမိတို့အာဏာရရှိရေးတစ်ခုတည်းကိုသာ လိုလားနေသည့် "အမေကျော် ဒွေးတော်လွမ်း"နေကြသည့် ပုဆိန်ရိုးလက်ကိုင်တုတ်များကိုမွေးပြီး ပြည်တွင်းရေးရှုပ်ထွေးအောင်၊ စည်းလုံးညီညွတ်မှုပြိုကွဲအောင်၊ စီးပွားရေး၊ လူမှုရေး၊ ဘာသာရေး နည်းလမ်းအမျိုးမျိုးဖြင့် လုပ်ဆောင်နေကြကြောင်း၊ ထို့အပြင် မဟုတ်မမှန် လုပ်ကြံဖန်တီးထားသည့်ဖြစ်ရပ်များ၊ လုပ်ဇာတ်များနှင့် ပြည်ပမီဒီယာအချို့ကနေ အပုပ်ချဝါဒဖြန့်သည့် နည်းလမ်းများကိုပါသုံးပြီး အမျိုးမျိုး ထိပါးနှောင့်ယှက် လုပ်ဆောင်နေကြကြောင်း။

လီဆယ်စွပ်စွဲပုတ်ခတ်

မြန်မာနိုင်ငံအပေါ် မဟုတ်မမှန် လီဆယ်စွပ်စွဲပုတ်ခတ်သည့် အချက်များထဲတွင် အရွယ်မရောက်သေးသည့် ကလေးစစ်သား အသုံးပြုသည်ဆိုသည့် အခြေအမြစ်မရှိသော စွပ်စွဲခြင်းသည်လည်း တစ်ခုအပါအဝင်ဖြစ်ကြောင်း၊ မြန်မာ့တပ်မတော်သည် မျိုးချစ်စိတ်ရှိသူတွေ၊ မိမိဆန္ဒအလျောက်ပါဝင်သည့် တပ်မတော်ဖြစ်ကြောင်း၊ စစ်သားစုဆောင်းရေးမှ အသက် ၁၈ နှစ်မပြည့်သူများ၊ ကိုယ်အလေးချိန်၊ အရပ်အမြင့်သတ်မှတ်ချက်မပြည့်သူများ လက်မခံခဲ့သည်မှာ ရှေးကတည်းကရှိခဲ့သည့် အစဉ်အလာဖြစ်ပါကြောင်း၊ မဟုတ်မမှန် လုပ်ကြံစွပ်စွဲမှုတွေရှိလာသဖြင့် ပိုပြီးအမြင်ကြည်လင်မှုရှိစေရန် စစ်ရေးချုပ်ဦးဆောင်သည့် ကလေးစစ်သားများမရှိရေး ကြီးကြပ်သည့်ကော်မတီကိုဖွဲ့စည်းပြီး တိကျပြည့်စုံသည့် စည်းကမ်းများထပ်မံချမှတ်ပြီး အောက်ခြေအထိ စစ်ဆေးကြပ်မတ်ဆောင်ရွက်ခဲ့ပြန်ကြောင်း၊ ထို့ကြောင့် ကလေးစစ်သားဆိုသည့်ကိစ္စသည် မြန်မာနိုင်ငံတွင် မရှိသည့်ကိစ္စဖြစ်ကြောင်း။

မျက်နှာဖုံးစွပ်ထား

နိုင်ငံတကာမျက်နှာစာတွင် ဒီမိုကရေစီအရေး တိုက်ပွဲဝင်နေသူအဖြစ် ဟန်ဆောင်မျက်နှာဖုံးစွပ်ထားပြီး လက်တွေ့လုပ်နေသည်မှာ ထောက်ပံ့ငွေများ၊ ရန်ပုံငွေများတောင်းခံကာ ၎င်းတို့အကျိုးသုံးစွဲနေကြသည့် ပြည်တွင်းသစ္စာဖောက်များဖြစ်သည့် ပြည်ပအားကိုးပုဆိန်ရိုးများ၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုနှင့် ပြည်ထောင်စုပြိုကွဲရေးကိုဦးတည်ပြီး အလွန်အန္တရာယ်ကြီးသည့် ရှမ်းပြည်ယာယီအစိုးရ ဖွဲ့စည်းကြောင်း ကြေညာခဲ့သည့် ပြည်ပြေးများ၊ ILO စင်မြင့်ကို အလုပ်သမားကိစ္စများအတွက်သာမက မြန်မာနိုင်ငံတွင် ၎င်းတို့ဩဇာခံမည့် ရုပ်သေးအစိုးရတင်နိုင်ရေးအတွက် လက်ရှိတပ်မတော်အစိုးရကို ဖိအားပေးအကျပ်ကိုင် နိုင်အောင် နိုင်ငံရေးစင်မြင့်တစ်ခုအဖြစ်အသုံးချနေခြင်းဖြစ်ကြောင်း၊ ILO ဖွဲ့စည်းပုံအခြေခံစည်းမျဉ်း အပိုဒ်(၃)အရ ILO အထွေထွေညီလာခံသို့ အစိုးရကိုယ်စားလှယ်များ၊ အလုပ်ရှင်နှင့် အလုပ်သမားကိုယ်စားလှယ်များသာ တက်ရောက်ခွင့်ရှိကြောင်း ပြဋ္ဌာန်းထားသော်လည်း အကြမ်းဖက်အဖျက်သမား တရားခံပြေးကို ILO အစည်းအဝေးသို့ တက်ရောက်ခွင့်ပြုနေခြင်းသည် ILO အနေဖြင့် မိမိ၏ ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းနှင့် မိမိထုတ်ပြန်ထားသောအမိန့်ကို မိမိကိုယ်တိုင်ချိုးဖောက်ကာ အကြမ်းဖက်သမားကို နိုင်ငံရေးစင်မြင့်ပေါ်သို့ တင်ပြီး သိဒ္ဓိတင်ပေးသကဲ့သို့ဖြစ်နေပြီး မိမိတို့နိုင်ငံ၏ အချုပ်အခြာအာဏာကို ထိပါးသကဲ့သို့ မိမိတို့ ပြည်သူတစ်ရပ်လုံးကိုလည်း စော်ကားရာရောက်ကြောင်း တွေ့ရှိရမှာဖြစ်ကြောင်း၊ ထို့ကြောင့် အနောက်အုပ်စုဝင် အင်အားကြီးနိုင်ငံများ၏ လုပ်ရပ်ကို ပြည်သူတစ်ရပ်လုံးနှင့်အတူ ပြတ်ပြတ်သားသား ဆန့်ကျင်တိုက်ဖျက်သွားကြမှာဖြစ်ကြောင်း အလေးထားတင်ပြလိုကြောင်း။

ပူးပေါင်းလက်တွဲ

မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ကြီးသည် နိုင်ငံတော်၏ ရည်မှန်းချက် ပန်းတိုင်ဖြစ်သည့် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်သစ် ဖြစ်ပေါ်ရေးအတွက် ဒို့တာဝန်အရေး(၃)ပါးကို ဦးထိပ်ထားကာ နိုင်ငံတော်အေးချမ်းသာယာရေး၊ ဖွံ့ဖြိုးတိုးတက်ရေး တည်ဆောက်မှုများနှင့် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်ရေးတွင် ပြည်ထောင်စုစိတ်ဓာတ်အပြည့်အဝဖြင့် လူမှုရေးအသင်းအဖွဲ့များ၊ ပြည်သူများနှင့် ပူးပေါင်းလက်တွဲကာ စဉ်ဆက်မပြတ် အကောင်အထည်ဖော် ကြိုးပမ်းသွားမှာ ဖြစ်ပါကြောင်း စသည်ဖြင့် ဆွေးနွေးတင်ပြသွားသည်။

ထောက်ခံဆွေးနွေး

အစီအစဉ်အရ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းမှ ကိုယ်စားလှယ်ဦးအောင်ကျော်စိန်က လူထုအစည်းအဝေးတွင် တိုင်းပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းကိုယ်စားလှယ် အလုပ်အမှုဆောင် ဦးကြည်ဝင်းနှင့် အမျိုးသမီးရေးရာအဖွဲ့ကိုယ်စားလှယ် ဒေါ်ခင်မျိုးမြတ်တို့ ဆွေးနွေးတင်သွင်းသွားသည့် **"ပြည်တွင်းပြည်ပ အဖျက်သမားများ အန္တရာယ်ကို ပြည်သူ့စွမ်းအား စည်းလုံးမှုအင်အားဖြင့် ကာကွယ်ရေး"**အဆိုနှင့် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ကိုယ်စားလှယ် ဒေါ်နွယ်နီမြင့်နှင့် စစ်မှုထမ်းဟောင်းအဖွဲ့ကိုယ်စားလှယ် ဗိုလ်ကြီးစိန်မောင်(အငြိမ်းစား)တို့ ဆွေးနွေးတင်သွင်းသွားသည့် **"ဒို့တာဝန်အရေး(၃)ပါးကို ခံယူပြီး နိုင်ငံတော်အေးချမ်းသာယာရေး၊ ဖွံ့ဖြိုးတိုးတက်ရေး တည်ဆောက်မှုများနှင့် နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် (၇)ရပ် အောင်မြင်ရေးတွင် ပြည်ထောင်စုစိတ်ဓာတ်အပြည့်အဝဖြင့် ပူးပေါင်းပါဝင်ဆောင်ရွက်ရေး"**အဆိုတို့ကို လူထုအစည်းအဝေးက အတည်ပြုပေးနိုင်ရန် ထောက်ခံဆွေးနွေးတင်ပြသည်။

ယင်းနောက် သဘာပတိက **"ပြည်တွင်း ပြည်ပ အဖျက်သမားများအန္တရာယ်ကို ပြည်သူ့စွမ်းအား စည်းလုံးမှုအင်အားဖြင့် ကာကွယ်ရေး"**အဆိုနှင့် **"ဒို့တာဝန်အရေး(၃)ပါးကိုခံယူပြီး နိုင်ငံတော်အေးချမ်းသာယာရေး၊ ဖွံ့ဖြိုးတိုးတက်ရေး တည်ဆောက်မှုများနှင့် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်ရေးတွင် ပြည်ထောင်စုစိတ်ဓာတ်အပြည့်အဝဖြင့်ပူးပေါင်းပါဝင်ဆောင်ရွက်ရေး"**အဆိုနှစ်ရပ်အား လူထုအစည်းအဝေးက အတည်ပြုပေးနိုင်ရန် အစည်းအဝေးတက်ရောက်လာကြသူများ၏ သဘောထားရယူပြီး ယင်းအဆိုနှစ်ရပ်အား အတည်ပြုကြောင်းကြေညာသည်။

ထို့နောက် လူထုအစည်းအဝေးကို ကြွေးကြော်သံများ တစ်ခဲနက်ကြွေးကြော်၍ အောင်မြင်စွာ ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

သံလွင်မြစ်ရေ အနည်းငယ်ကျဆင်း

ရန်ကုန် ဩဂုတ် ၁၀

သံလွင်မြစ်ရေသည် ယနေ့နံနက် ၀၆း၃၀ နာရီတိုင်းထွာချက် အရ ဘားအံမြို့တွင် ၇၉၈စင်တီမီတာသို့ ရောက်ရှိနေပြီး အဆိုပါမြစ်ရေသည် အနည်းငယ်ကျဆင်းနေပြီး နောက် ၄၈ နာရီအတွင်း စိုးရိမ်ရေမှတ် ၇၅၀ စင်တီမီတာအထက်တွင် ဆက်လက်တည်ရှိနိုင်သည်။

(သတင်းစဉ်)

မြောက်ယမား (ရေကူ) ရေလှောင်တမံစီမံကိန်း
ဝန်ကြီး ဗိုလ်ချုပ်ဌွေးဦး ကြည့်ရှုစစ်ဆေး

ရန်ကုန် ဩဂုတ် ၁၀

လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဌွေးဦးသည် ဩဂုတ် ၆ရက် မွန်းလွဲပိုင်းတွင် ဌာနဆိုင်ရာတာဝန်ရှိသူများ လိုက်ပါလျက် စစ်ကိုင်းတိုင်း ပုလဲမြို့နယ် အိုင်းမရွာအရှေ့တောင်ဘက် နှစ်မိုင်အကွာ၌ ဆည်မြောင်းဦးစီးဌာန တည်ဆောက်ရေး(၄)က ဆောင်ရွက်နေသည့် မြောက်ယမား(ရေကူ) ရေလှောင်တမံစီမံကိန်းသို့ရောက်ရှိရာ တည်ဆောက်ရေး(၄) ညွှန်ကြားရေးမှူး ဦးမောင်မောင်တင်က ရေလှောင်တမံနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြပြီး ဆည်မြောင်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်စန်ဝင်းက ဖြည့်စွက်တင်ပြသည်။

ရှင်းရှင်းနီးနီး

ထို့နောက် ဝန်ကြီးသည် တာဝန်ရှိသူများအား လိုအပ်သည်များမှာကြားပြီး ပင်မတမံ တည်ဆောက်ရန် အောက်ခြေမြေသားရှင်းလင်းနေမှုနှင့် မြောက်ယမားချောင်း၏ အနေအထားကို ကြည့်ရှုသည်။ ယင်းနောက် ဝန်ကြီးသည် ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်သည်။ ပဏာမ စူးစမ်းလေ့လာမှုများအရ မြောက်ယမား(ရေကူ) ရေလှောင်တမံ တည်ဆောက်ခြင်းဖြင့် ရေဧကပေ ကိုးသောင်းခန့်ကို ထပ်မံထိန်းသိမ်းသိုလှောင်နိုင်မည်ဖြစ်ကြောင်း သိရှိရသည်။

လှိုင်းချောင်းရေလှောင်တမံ

ထိုမှတစ်ဆင့် ဝန်ကြီးသည် ပုလဲမြို့နယ် ချင်ဗျစ်ကျင်းကျေးရွာအနီး၌ ဆည်မြောင်းဦးစီးဌာန တည်ဆောက်ရေး(၄)က လှိုင်းချောင်းပေါ်၌ ဆောက်လုပ်မည့် လှိုင်းချောင်းရေလှောင်တမံစီမံကိန်းသို့ ရောက်ရှိရာ တည်ဆောက်ရေး(၄) ညွှန်ကြားရေးမှူးက လှိုင်းချောင်းရေလှောင်တမံတည်ဆောက်ရေး စူးစမ်းလေ့လာမှုများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ဝန်ကြီးသည် ပင်မတမံ တည်ဆောက်မည့် နေရာ၊ တမံအူကြောင်းနှင့် အောက်ခြေမြေသား စမ်းသပ်မှုတို့ကို ကြည့်ရှုစစ်ဆေးပြီး ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီး တွေ့ဆုံသည်။

(သတင်းစဉ်)

စွမ်းအင်ဝန်ကြီးဌာန ဝန်ထမ်းမိသားစုများ သံဃာတော်များအား ဆွမ်းဆက်ကပ် လှူဒါန်း

ရန်ကုန် ဩဂုတ် ၁၀

နိုင်ငံတော် ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်)မှ နာယကချုပ် ဆရာတော် အမှူးပြုသော သံဃာတော်များအား စွမ်းအင်ဝန်ကြီးဌာန ဝန်ထမ်းမိသားစုများက ဆွမ်းဆက်ကပ်လှူဒါန်းသည့် အခမ်းအနားကို ယမန်နေ့နံနက် ၁၀နာရီတွင် ကမ္ဘာအေးကုန်းမြေရှိ မိုးကုတ်ဆွမ်းစားဆောင်၌ ကျင်းပသည်။

ရှေးဦးစွာ အခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ ဖွင့်လှစ်ပြီး နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်) နာယကချုပ် ဆရာတော် အဂ္ဂမဟာပဏ္ဍိတအဂ္ဂမဟာ ဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တပဏ္ဍိတာဘိဝံသထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြသည်။

ဆက်ကပ်လှူဒါန်း

ထို့နောက်စွမ်းအင်ဝန်ကြီးဌာနဝန်ကြီးဗိုလ်မှူးချုပ်လွန်းသီနှင့်ဇနီးဒေါ်ခင်မာအေးတို့က နာယကချုပ် ဆရာတော် ဘဒ္ဒန္တပဏ္ဍိတာဘိဝံသအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍ နိုင်ငံတော် ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်)ရှိ ဆရာတော်၊ သံဃာတော်များအတွက် စွမ်းအင်ဝန်ကြီးဌာန၏ တစ်နေ့တာ ဆွမ်းအလှူတော်ငွေ ကျပ်နှစ်သိန်း နှစ်သောင်းကို ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သန်းဌွေးက ပေးအပ်လှူဒါန်းသည်။

(သတင်းစဉ်)

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၁၁-၈-၂၀၀၅ (ကြာသပတေးနေ့)

နံနက်ပိုင်း

၇း၀၀ ၁။ မြဝတီအဖွင့်
၇း၀၅ ၂။ အဖွင့်သီချင်း
၇း၁၀ ၃။ မျိုးချစ်တပ်မတော်
၇း၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၃၀ ၅။ မြန်မာသံစဉ်ချိုနှားဝင်
၇း၄၀ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၇း၅၅ ၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈း၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀ ၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈း၁၅ ၁၀။ အပိတ်နှုတ်ဆက်စကား
၈း၁၆ ၁၁။ ပြီးပါပြီ။

ညပိုင်း

၄း၀၀ ၁။ မြဝတီအဖွင့်
၄း၀၅ ၂။ အဖွင့်သီချင်း
၄း၁၀ ၃။ မျိုးချစ်တပ်မတော်
၄း၂၀ ၄။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၄း၂၅ ၅။ မြန်မာသံစဉ်ချိုနှားဝင်
၄း၃၅ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၄း၄၅ ၇။ ရွှင်ကြည်ပြုံးစရာ တေးကဗျာ
၄း၅၅ ၈။ မျိုးချစ်တပ်မတော်
၅း၀၅ ၉။ **အဝေးသင်ပညာရေးပို့ချမှုအစီအစဉ် - United Nations Organization (တတိယနှစ်-ဥပဒေပညာ)**
၅း၃၀ ၁၀။ မြတ်နိုးကြစေအမျိုးသားအမွေ
၅း၄၅ ၁၁။ သာယာသီကြွေးခေတ်ဆန်းတေး
၆း၀၀ ၁၂။ မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀ ၁၃။ နိုင်ငံတကာသတင်း
၆း၂၀ ၁၄။ မိုးလေဝသသတင်း
၆း၂၅ ၁၅။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၆း၃၅ ၁၆။ **ကာတွန်းအစီအစဉ် "ရှောင်လင်လူစွမ်းကောင်းလေး" (အပိုင်း-၂၁)**
၆း၅၀ ၁၇။ လျှပ်တစ်ပြက်ရိုက်ချက်
၇း၀၀ ၁၈။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "ကြော်ငြာချစ်သူ" (အပိုင်း-၆)**
၈း၀၀ ၁၉။ မြဝတီရုပ်မြင်သံကြားသတင်း
၂၀။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၂၁။ မြဝတီရဲ့မြဝတီ
၂၂။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
၂၃။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "ကန္တာတောခြေ" (အပိုင်း-၁၈)**
၂၄။ သင့်အတွက်မနက်ဖြန်
၂၅။ အပိတ်နှုတ်ဆက်စကား
၂၆။ ပြီးပါပြီ။

ကြည့်ရှုအားပေး

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းနှင့် အဖွဲ့ဝင်များ ဧရာဝတီတိုင်း ၂၀၀၅-၂၀၀၆ခုနှစ် မိုးစပါး ရေတော်မိုးတော် ထွန်တုံးပိတ်ပွဲ၊ စပါးအတန်းလိုက် မျိုးစေ့ချစိုက်စွမ်းရည်ယှဉ်ပြိုင်ပွဲနှင့် မျိုးစေ့ချကိရိယာအသုံးပြု ယှဉ်ပြိုင်ပွဲတွင် စပါးအတန်းလိုက် မျိုးစေ့ချစိုက်စွမ်းရည်ယှဉ်ပြိုင်မှုကို ကြည့်ရှုအားပေးစဉ်။ (သတင်းစဉ်)

☆ **ကျောဖုံးမှ**

ဧရာဝတီတိုင်းသည် စိုက်ပျိုးရေးအပြင် သား၊ ငါးကဏ္ဍ၌လည်း နိုင်ငံတော်အတွက် အရေးပါပြီး နိုင်ငံတော်ကလျာထားသည့်အတိုင်း သား၊ ငါးကန် ဧကရှစ်သောင်းကျော်အထိနှင့် လက်ရှိပုစွန်ဧကလေးသောင်းကို သိပ္ပံနည်းကျ မွေးမြူကန်များဖြစ်အောင် ဖော်ဆောင်ပြီး ကျန်ဧကတိုးချဲ့ရေး၊ ကမ်းဝေး ကမ်းနီး ပင်လယ်ငါးဖမ်းလုပ်ငန်းများ တိုးချဲ့ရေး၊ ဘဲမွေးမြူရေး၊ ကြက်မွေးမြူရေးနှင့် ကဏန်းများ တိုးတက်ဖမ်းဆီးရေးကိုပါ အင်တိုက်အားတိုက် ဆက်လက်ဆောင်ရွက်ရန်လိုကြောင်း။

နိဂုံးချုပ်အနေဖြင့် ပြောကြားလိုသည်မှာ ဧရာဝတီတိုင်းသည် နိုင်ငံတော်၏စိုက်ပျိုးရေးကဏ္ဍတွင် အရေးအကြီးဆုံးဖြစ်သည့်အတွက် ဧရာဝတီတိုင်း၏ စိုက်ပျိုးရေးတိုးတက်မှသာ နိုင်ငံတော်၏စီးပွားရေးသည်လည်း တိုးတက်လာမည်ဖြစ်သည့်အတွက် ဧရာဝတီတိုင်းမှ လယ်သမားများအနေဖြင့် အားသွန် ခွန်စိုက်တိုးချဲ့စိုက်ပျိုးပေးကြပါ၊ နိုင်ငံတော်က ချမှတ်ပေးထားသည့် သီးနှံအလိုက် အထွက်နှုန်းတိုးတက်ရေး၊ ပန်းတိုင်ရည်မှန်းချက်များ အောင်မြင်အောင် အကောင်အထည်ဖော်ကြပါ၊ ဌာနဆိုင်ရာများကလည်း စိုက်ပျိုးကုန်ထုတ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်သည်ထက်တိုးတက်အောင် အောက်ခြေအဆင့်အထိ ကွင်းဆင်းပြီး လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးကြပါ၊ တောင်သူလယ်သမားများအနေဖြင့်လည်း တိုးတက်ပြောင်းလဲနေသည့် နည်းပညာများကို လေ့လာမှတ်သား စိုက်ပျိုးကြပါ၊ လက်မှုလယ်ယာမှ စက်မှုလယ်ယာသို့ ကူးပြောင်းရေးတွင် အလေးထား ပါဝင်လုပ်ကိုင်ဆောင်ရွက်ကြရန် မှာကြားရင်း နိဂုံးချုပ်အပ်ပါကြောင်းဖြင့် ပြောကြားသည်။

တိုးတက်စိုက်ပျိုးနိုင်

ဆက်လက်၍ ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သူရမြင့်အောင်က အမှာစကားပြောကြားရာတွင် ဧရာဝတီတိုင်းအတွင်း၌ မိုးစပါးစိုက်ဧကများ တစ်နှစ်ပြီးတစ်နှစ် တိုးတက်စိုက်ပျိုးလျက်ရှိပြီး ၂၀၀၂-၂၀၀၃ ခုနှစ်တွင် ဧက ၃၃ဒသမ ၇၅သိန်း၊ ၂၀၀၃-၂၀၀၄ခုနှစ်တွင် ဧက ၃၄ဒသမ ၀၃ သိန်းနှင့် ၂၀၀၄-၂၀၀၅ခုနှစ် ယခင်နှစ်က ဧက ၃၅ ဒသမ ၀၈သိန်းကျော်အထိ တိုးတက်စိုက်ပျိုးနိုင်ခဲ့ကြောင်း။

ယနေ့သည် ဧရာဝတီတိုင်း၏ ရေတော်မိုးတော် မိုးစပါးစိုက်ဧက ၂၆ဒသမ ၅၂ သိန်း အပါအဝင် မိုးစပါးစုစုပေါင်းဧက ၃၃ ဒသမ ၆၄သိန်း စိုက်ပျိုးနိုင်ခဲ့ပြီး ယခင်နှစ်ထွန်တုံးပိတ်ပွဲ ပြုလုပ်သည့်ကာလနှင့် ယခုနှစ်ကာလတူ မိုးစပါးစိုက်ပျိုးပြီးစီးမှုသည် ယခင်နှစ်ထက်ဧက ၁ ဒသမ ၂၆ သိန်း ပိုမိုစိုက်ပျိုးဆောင်ရွက်နိုင်ခဲ့ကြောင်း၊ ရေတော်မိုးတော် ထွန်တုံးပိတ်ပွဲပြီးသော်လည်း ကျန်သောဧရိယာများကိုလည်း အပြည့်အဝ စိုက်ပျိုးရမည့်လုပ်ငန်းများ၊ စိုက်ထားသော စပါးခင်းများကို အချိန်အခါနှင့် သက်တမ်းအလိုက် ပြုစုစောင့်ရှောက် ရမည့် လုပ်ငန်းများနှင့် အောင်ရေစနစ်တကျထိန်းသိမ်းရေး၊ အလေအလွင့်နည်းအောင် ရိတ်သိမ်းခြွေလှေ့ရေး၊ ရာသီချိန်မီ စပါးသီးထပ်အပါအဝင် ဆောင်းသီးနှံများကို ကွက်လပ်မကျန် စိုက်ပျိုးရေးတို့ကို ဆက်လက်လုပ်ဆောင်ရမည်ဖြစ်၍ ကြိုတင်ပြင်ဆင်ထားကြရန် တိုက်တွန်းလိုကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် စပါးအတန်းလိုက် မျိုးစေ့ချ စိုက်စွမ်းရည်ယှဉ်ပြိုင်ပွဲနှင့် မျိုးစေ့ချကိရိယာ အသုံးပြုယှဉ်ပြိုင်ပွဲတွင် ပါဝင် ယှဉ်ပြိုင်ကြမည့် ပြိုင်ပွဲဝင်အသင်းများသည် ပြိုင်ပွဲကျင်းပမည့် ကွင်းအတွင်းသို့ ဝင်ရောက်နေရာယူကြပြီး ဒိုင်ချုပ် တိုင်းမြေစာရင်းဦးစီးဌာန ဒုတိယတိုင်းဦးစီးမှူး ဦးမောင်ကြည်က ပြိုင်ပွဲစတင်ရန် အချက်ပေး၍ ပြိုင်ပွဲကိုဖွင့်လှစ်ပေးလိုက်ရာ ပါဝင်ယှဉ်ပြိုင်ကြမည့် ခရိုင်ကိုယ်စားပြု ပြိုင်ပွဲဝင်အသင်းများက ပြိုင်ပွဲကို စတင်ယှဉ်ပြိုင်ကြပြီး တိုင်းမှူး ဗိုလ်ချုပ်သူရမြင့်အောင်နှင့် တာဝန်ရှိသူများက ပြိုင်ပွဲဝင်အသင်းများအား ကြည့်ရှုအားပေးကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်း၊ တိုင်းမှူး ဗိုလ်ချုပ်သူရမြင့်အောင်နှင့် အဖွဲ့ဝင်များသည် ကန်ကြီးထောင့်မြို့နယ် ကွင်းယားအရှေ့ ကျေးရွာအုပ်စုမြို့ဝင် ဧက ၄၀၀ စံပြကွက်အတွင်း မြန်မာ့စိုက်ပျိုးရေး လုပ်ငန်းက စိုက်ပျိုးထားသည့် စံပြကွက်နှင့် စမ်းသပ်ကွက်များကို လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းနှင့် တိုင်းမှူး ဗိုလ်ချုပ်သူရမြင့်အောင်တို့က တောင်သူလယ်သမားကြီးများသို့ စပါးစိုက်ခင်းများတွင် ငါးမျိုးထည့်သွင်းမွေးမြူရန် တာပီယံငါးမျိုးကောင်ရေခုနစ်သောင်း၊ တီလားပီးယား ငါးမျိုးကောင်ရေသုံးသောင်း စုစုပေါင်း ငါးမျိုးကောင်ရေတစ်သိန်းကို ပေးအပ်သည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းသည် စပါးစိုက်ခင်းအတွင်းသို့ ငါးမျိုးများထည့်သွင်း မွေးမြူပေးသည်။

ထည့်သွင်းမွေးမြူ

ဆက်လက်၍ တိုင်းမှူး ဗိုလ်ချုပ်သူရမြင့်အောင်နှင့် အဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များသည် စပါးစိုက်ခင်း အတွင်းသို့ငါးမျိုးများ ထည့်သွင်းမွေးမြူပေးကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းသည် စက်မှုလယ်ယာဦးစီးဌာနက ပုသိမ်ခရိုင်အတွင်းရှိ တောင်သူလယ်သမားကြီး ၁၀ ဦးသို့ နှစ်နှစ်သုံးရစ်စိုက်/ဘဏ် စနစ်နှင့် လက်ငင်းငွေချေစနစ်ဖြင့် လယ်ယာ ၁၆ လက်တွန်းထွန်စက်များရောင်းချမှုကို ကြည့်ရှုအားပေးသည်။

ထို့နောက် စပါးအတန်းလိုက်မျိုးစေ့ချ စိုက်စွမ်းရည်ယှဉ်ပြိုင်ပွဲနှင့် မျိုးစေ့ချကိရိယာအသုံးပြု ယှဉ်ပြိုင်ပွဲ၌ ဆုရရှိကြသော အသင်းများအား ဆုချီးမြှင့်ပွဲအခမ်းအနားကို ကျင်းပရာ ဂုဏ်ပြုဆုနှင့် နှစ်သိမ့်ဆုရအသင်းများအား တာဝန်ရှိသူများကလည်းကောင်း၊ စပါးအတန်းလိုက် မျိုးစေ့ချ စိုက်စွမ်းရည်ယှဉ်ပြိုင်ပွဲတွင် တတိယဆုရ မအူပင်ခရိုင်အသင်းနှင့် မျိုးစေ့ချကိရိယာ အသုံးပြုယှဉ်ပြိုင်ပွဲတွင် တတိယဆုရ ဟင်္သာတခရိုင်အသင်းတို့အား မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း အထွေထွေမန်နေဂျာ ဒေါက်တာမင်းအောင်ကလည်းကောင်း၊ စပါးအတန်းလိုက် မျိုးစေ့ချစိုက်စွမ်းရည်ယှဉ်ပြိုင်ပွဲနှင့် မျိုးစေ့ချကိရိယာအသုံးပြု ယှဉ်ပြိုင်ပွဲတို့တွင် ဒုတိယဆုရရှိသော မြောင်းမြခရိုင်အသင်းအား ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သူရမြင့်အောင်ကလည်းကောင်း၊ စပါးအတန်းလိုက် မျိုးစေ့ချစိုက်စွမ်းရည် ယှဉ်ပြိုင်ပွဲနှင့် မျိုးစေ့ချကိရိယာအသုံးပြု ယှဉ်ပြိုင်ပွဲတို့တွင် ပထမဆုရရှိသော ပုသိမ်ခရိုင်အသင်းအား နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းကလည်းကောင်း ဆုများအသီးသီးချီးမြှင့်ကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ (သတင်းစဉ်)

ပြည်ထောင်စုမြန်မာနိုင်ငံ စီးပွားရေးဦးပိုင်လီမိတက် ကျောက်မျက်နှင့် ကျောက်စိမ်းရောင်းချပွဲ ဒုတိယနေ့ဆက်လက်ကျင်းပ

ရန်ကုန် ဩဂုတ် ၁၀

ပြည်ထောင်စုမြန်မာနိုင်ငံ စီးပွားရေးဦးပိုင်လီမိတက်၏ (၁၉)ကြိမ်မြောက် ကျောက်မျက်နှင့် ကျောက်စိမ်းရောင်းချပွဲ (၂၀၀၅)ကို ယနေ့နံနက် ၉နာရီတွင် ရန်ကုန်မြို့ ကမ္ဘာအေးစေတီလမ်းရှိ မြန်မာ့ကျောက်မျက်ရတနာခန်းမ၌ ဒုတိယနေ့ ဆက်လက်ကျင်းပရာ ပြည်ထောင်စုမြန်မာနိုင်ငံ စီးပွားရေးဦးပိုင်လီမိတက် မန်နေဂျင်းဒါရိုက်တာ ဗိုလ်မှူးကြီးဝင်းသန်း တက်ရောက်ကြည့်ရှုအားပေးသည်။

ကြိုဆို

ပြည်ထောင်စုမြန်မာနိုင်ငံ စီးပွားရေး ဦးပိုင်လီမိတက် မန်နေဂျင်းဒါရိုက်တာ ဗိုလ်မှူးကြီးဝင်းသန်းသည် မွန်းတည့် ၁၂နာရီတွင် မြန်မာ့ကျောက်မျက် ရတနာခန်းမသို့ ရောက်ရှိလာရာ ဒါရိုက်တာ အဖွဲ့ဝင်များနှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

ရှေးဦးစွာ ဗိုလ်မှူးကြီးဝင်းသန်းသည် မြန်မာ့ကျောက်မျက်ရတနာခန်းမမြေညီ ထပ်ဘေးဝန်းကျင်၌ ခင်းကျင်းပြသထားသော ကျောက်စိမ်းအတွဲများကို ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသကြပြီး ဗိုလ်မှူးကြီးဝင်းသန်းက ကျောက်စိမ်းနှင့် ကျောက်မျက်အတွဲများကို ကြည့်ရှုစစ်ဆေးနေကြသော ရတနာကုန်သည်များအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

ပြည်ထောင်စု မြန်မာနိုင်ငံ စီးပွားရေး ဦးပိုင်လီမိတက်၏ (၁၉)ကြိမ်မြောက် ကျောက်မျက်နှင့် ကျောက်စိမ်းရောင်းချပွဲ တွင် ကျောက်မျက်အတွဲပေါင်း ၄၀၆ တွဲ၊ ကျောက်စိမ်းအတွဲပေါင်း ၇၄၇တွဲတို့ကို တင်ဒါစနစ်/ဈေးပြိုင်ပွဲစနစ်တို့ဖြင့် ရောင်းချသွားမည်ဖြစ်သည်။

ကျောက်စိမ်းအတွဲများနှင့် ကျောက်မျက်အတွဲများကို ရတနာကုန်သည်များသည် ဩဂုတ် ၁၁ရက် နံနက် ၉နာရီမှ ညနေ ၅နာရီအထိ ကြည့်ရှုလေ့လာကြမည်ဖြစ်ပြီး ဩဂုတ် ၁၂ရက် နံနက် ၉နာရီတွင် ကျောက်မျက်နှင့် ကျောက်စိမ်းအတွဲများကို (BARGAIN)စနစ်၊ (AUCTION) စနစ်တို့ဖြင့် ရောင်းချသွားမည်ဖြစ်သည်။

အဆိုပါ ကျောက်မျက်နှင့် ကျောက်စိမ်းရောင်းချပွဲသို့ ပြည်တွင်းရတနာကုန်သည် ၈၃၅ဦးနှင့် ပြည်ပ ရတနာကုန်သည် ၂၈၃ဦးတို့ ရောက်ရှိနေကြပြီး ကျောက်မျက်ရတနာများကို ကြည့်ရှုလေ့လာနေကြသည်။ (သတင်းစဉ်)

ပြင်သစ်နိုင်ငံ ပါရီမြို့ ထေရဝါဒ ဗုဒ္ဓသာသနာပြု မြန်မာကျောင်းတော်ကြီး ဖြစ်မြောက်ရေးအတွက် အလှူရှင် ကွယ်လွန်သူ ကမာရွတ်မြို့နယ် ပညာရေးမှူး(ငြိမ်း) ဒေါ်ခင်အေးအားရည်စူး၍ ညီမ ဒေါ်ရွှေရွှေနှင့် တူ ကိုကျော်စွာသွင်၊ သိမ်ကြီးလမ်း၊ ကြည့်မြင်တိုင်က အလှူငွေ ကျပ်သုံးသိန်းကို ဒုတိယဥက္ကဋ္ဌ ဦးခင်မောင်အေးထံ ပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)



မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၁၁-၈-၂၀၀၅ (ကြာသပတေးနေ့)

(၁၃၆၇ခုနှစ်၊ ဝါခေါင်လဆန်း(၇)ရက်၊ (အဖိတ်နေ့)

နံနက်ပိုင်း

၇:၀၀ ၁။ **ကျေးဇူးရှင် မင်းကွန်းဆရာတော်ကြီး နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ်၊ အဘိဓဇ မဟာရဋ္ဌဂုရု၊ အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မ ဇောတိက၊ တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော် ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်**

၇:၂၅ ၂။ ကျန်းမာဖို့အတူကစားစို့

၇:၃၀ ၃။ နံနက်ခင်းသတင်း

၇:၄၀ ၄။ သံသာချိုအေးမင်္ဂလာတေး

၇:၅၅ ၅။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက

၈:၁၀ ၆။ အဆိုပြိုင်ပွဲ

၈:၂၀ ၇။ အကပဒေသာ

၈:၃၀ ၈။ International News.

၈:၄၅ ၉။ Let's Go.

၉:၀၀ ၁၀။ အစီအစဉ်ပြီး၏။

ညပိုင်း

၄:၀၀ ၁။ စစ်ချီတေး၊စစ်သည်တေး

၄:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ

၄:၃၀ ၃။ English For Every day Use.

၄:၄၅ ၄။ ရန်ကုန်တိုင်း အမှတ်(၃)အခြေခံပညာဦးစီးဌာန၊ ပဉ္စမအကြိမ် ဓမ္မစကြာဝတ်ရွတ်ပူဇော်ပွဲ (တတိယဆု) (အထက-၁၊မှော်ဘီ) အမျိုးသမီးဝတ်ရွတ်အဖွဲ့

၅:၀၀ ၅။ အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြားသင်ခန်းစာ - ပထမနှစ် (သတ္တဗေဒအထူးပြု) (သတ္တဗေဒ)

၅:၁၅ ၆။ ချစ်စရာ့အရွယ်ကကြိုးသွယ်

၅:၂၅ ၇။ **၂၀၀၅ ခုနှစ်၊ တေရသမအကြိမ် (၁၃ကြိမ်) မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီးပြိုင်ပွဲဝင်များ လေ့လာနိုင်ကြရန်(မဟာဂီတ) (အခြေခံပညာ ၁၅-၂၀နှစ်) (အမျိုးသား/အမျိုးသမီး)**

၅:၄၀ ၈။ **"နင်းကြည့်စမ်းပါ" (မင်းအုပ်စိုး၊ညီဘွား၊ခင်စိုးပိုင်) (ဒါရိုက်တာ-မင်းအုပ်စိုး)**

၅:၄၅ ၉။ တေးဂီတအစီအစဉ်

၅:၅၅ ၁၀။ နိုင်ငံ့အဝန်းသစ်တောစွမ်းဖြင့်စိမ်းလန်းစေရမည်

၆:၀၅ ၁၁။ တေးဂီတအစီအစဉ်

၆:၁၅ ၁၂။ ဒေသဖွံ့ဖြိုးတိုးတက်စေမည့်ဒုဋ္ဌဝတီ

၆:၃၀ ၁၃။ ညနေခင်းသတင်း

၇:၀၀ ၁၄။ မိုးလေဝသအခြေအနေ

၇:၀၅ ၁၅။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ချစ်ဝက်ပါ" (အပိုင်း-၇)**

၇:၃၅ ၁၆။ ထာဝစဉ်နှလုံမြန်မာ့ဂီတ

၇:၄၅ ၁၇။ လေးဆူဓာတ်စံ ရွှေစာရံ

၈:၀၀ ၁၈။ ပြည်တွင်းသတင်း

၁၉။ နိုင်ငံတကာသတင်းများ

၂၀။ မိုးလေဝသအခြေအနေ

၂၁။ **နိုင်ငံခြားဇာတ်လမ်းတွဲ "မခွဲအတူ" (အပိုင်း-၁)**

၂၂။ နောက်တစ်နေ့အစီအစဉ်

၂၃။ အစီအစဉ်ပြီး၏။

ဖူဆယ်ဘောလုံးနည်းပြနှင့် ဒိုင်လူကြီးသင်တန်းဖွင့်ပွဲကျင်းပ ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့် တက်ရောက်အမှာစကားပြောကြား

ရန်ကုန် ဩဂုတ် ၁၀

မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ၊ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်သည် ယနေ့နံနက် ၉ နာရီတွင် အမျိုးသားဘောလုံး လေ့ကျင့်ရေးစခန်း (သုဝဏ္ဏ)၌ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်နှင့် မလေးရှားနိုင်ငံရှိ ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ် ဖွံ့ဖြိုးရေးရုံးခွဲတို့က ပူးပေါင်းဖွင့်လှစ်သော ဖူဆယ် (Futsal) ဘောလုံးနည်းပြနှင့် ဒိုင်လူကြီး သင်တန်းဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြားသည်။

ဖွင့်ပွဲ အခမ်းအနားသို့ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ ဒုတိယဥက္ကဋ္ဌ၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ၊ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းနှင့် အိုလံပစ်ကော်မတီဝင်များ၊ အားကစားဝန်ကြီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌနှင့် အမှုဆောင်များ၊ သင်တန်းနည်းပြများဖြစ်ကြသည့် မလေးရှားနိုင်ငံမှ Mr. Jeysing Mutithan၊ Mr. Saminathen Marimuthy နှင့် သင်တန်းသားများ တက်ရောက်ကြသည်။

ရှေးဦးစွာ အခမ်းအနားမှူးက ဝန်ကြီးအား သင်တန်းသားများနှင့် တစ်ဦးချင်း မိတ်ဆက်ပေးသည်။

ရှင်းလင်းပြသ

ထို့နောက် အားကစားဝန်ကြီးဌာန ဝန်ကြီးက အမှာစကားပြောကြားပြီး ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ် ဖွံ့ဖြိုးရေးရုံးခွဲမှ သင်တန်းနည်းပြ Mr. Jeysing Mutithan က ဖူဆယ် ဘောလုံးအားကစားနည်းစနစ်နှင့် ပတ်သက်၍ ဗီဒီယိုဆလိုက်များဖြင့် ရှင်းလင်းပြသသည်။

ဖူဆယ်ဘောလုံးနည်းပြ သင်တန်းသို့ သင်တန်းသား ၂၇ဦးနှင့် ဖူဆယ်ဘောလုံးဒိုင်လူကြီး သင်တန်းသို့ သင်တန်းသား ၂၂ဦး စုစုပေါင်း သင်တန်းသား ၄၉ ဦးတို့ တက်ရောက်ကြပြီး သင်တန်းကာလမှာ ဩဂုတ် ၁၃ရက်အထိ ဖြစ်သည်။

(သတင်းစဉ်)

ဝိဇ္ဇာတမွေးနေ့မင်္ဂလာနှင့် သိက္ခာထပ်အလှူတော်မင်္ဂလာ

ရန်ကုန် ဩဂုတ် ၁၀

ရန်ကုန်တိုင်း တာမွေမြို့နယ် မာန်အောင်ရပ်ကွက် မိုးကုတ်ဝိပဿနာ အေးရိပ်သာကျောင်းတိုက်ကြီး၏ ဦးစီးပဓာန နာယက ဆရာတော် ရွှေမန်း ဦးသူရိယ (ဓမ္မာစရိယ) ဓမ္မကထိက ဗဟုဇနဟိတရေ အရှင်သူမြတ်၏ (၅၇)နှစ်မြောက် ဝိဇ္ဇာတမွေးနေ့ မင်္ဂလာနှင့် သိက္ခာထပ်အလှူတော်မင်္ဂလာကို ဩဂုတ် ၁၆ ရက်(အင်္ဂါနေ့) နံနက်တွင် ကျင်းပ၍ ဘုရားအမှူးပြုသော ပင့်သံဃာတော်အရှင်သူမြတ်တို့အား ဆွမ်း အစရှိသော လှူဖွယ်ဝတ္ထု အစုစုတို့ကို ဆက်ကပ်လှူဒါန်းမည်ဖြစ်သည်။

(က–ပ)

သီရိမင်္ဂလာ ကမ္ဘာအေးစေတီတော် လုံးတော်ပြည့် ရွှေသင်္ကန်းကပ်လှူရန် ပါဝင်လှူဒါန်းနိုင်

ရန်ကုန် ဩဂုတ် ၁၀

ရန်ကုန်မြို့ သီရိမင်္ဂလာ ကမ္ဘာအေးကုန်းမြေရှိ သီရိမင်္ဂလာကမ္ဘာအေး စေတီတော်၌ ပြည်တွင်းပြည်ပမှ အလှူရှင်များ စုပေါင်းလှူဒါန်းမှုဖြင့် ၁၉၉၈ ခုနှစ် ဇန်နဝါရီ ၂၀ရက်တွင် လုံးပတ်တော်ပြည့် ရွှေသင်္ကန်း (ပထမအကြိမ်)ဆက်ကပ်လှူဒါန်းခြင်း၊ ၂၀၀၀ပြည့်နှစ်တွင် မဟာရံတံတိုင်း ၃၃၃ ခန်း တည်ဆောက်လှူဒါန်းခြင်းနှင့် ဖေဖော်ဝါရီ ၅ရက်တွင် မဟာဇိနိန္ဒဘော်ဆင်းတုတော်ကြီးအား ရွှေသားစစ်စစ်မကိုဋ်တော်၊ နားကင်း၊ နားပန်တော်များ ဆက်ကပ်လှူဒါန်းခြင်း၊ ၂၀၀၃ ခုနှစ် ဇွန် ၁၅ရက်တွင် မြန်မာမှုလက်ရာ ပုံစံ မုခ်ဦးတော်ကြီး နှစ်ဆောင်အသစ် တည်ဆောက်ခြင်း၊ ၂၀၀၄ခုနှစ် အောက်တိုဘာ ၂၀ရက်တွင် ထီးတော်နှင့် ငှက်ပျောဖူးတော်တို့ကို ရွှေသင်္ကန်း ဆက်ကပ်လှူဒါန်းခြင်းနှင့် ၂၀၀၅ ခုနှစ် ဖေဖော်ဝါရီ ၁၈ရက်တွင် မဟာဇိနိန္ဒဘော် ဆင်းတုတော်ကြီးအား ရွှေသားစစ်စစ် စလွယ်တော်၊ ပခုံးကာတော်နှင့် ဘယက်တော်များ ဆက်ကပ်လှူဒါန်းခြင်းတို့ကို ကုသိုလ်ပြုဆောင်ရွက်နိုင်ခဲ့ပြီး ၂၀၀၆ခုနှစ် (၅၅)ကြိမ်မြောက် ဗုဒ္ဓပူဇနိယပွဲတော်တွင် ဒုတိယအကြိမ် လုံးတော်ပြည့် ရွှေသင်္ကန်း ဆက်ကပ်ပူဇော်ပွဲ ကျင်းပနိုင်ရန်အတွက် စေတနာရှင် ပြည်သူများအနေဖြင့် ဂေါပကအဖွဲ့ ဖုန်း–၆၆၅၄၂၅၊ ၆၆၂၈၈၂ နှင့် ၆၆၀၀၀၂ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်သည်။ (သတင်းစဉ်)

တာမွေမြို့နယ် နတ်မောက်ရိပ်သာလမ်း ဆုထူးပန်စာသင်တိုက်၌ တိုးချဲ့ဆောက်လုပ်သော ကျောင်းဆောင်အတွက် အလှူငွေပေးအပ်ပွဲကို ဩဂုတ် ၄ရက်က ကျင်းပရာ အလှူရှင် ဦးတင်ဝင်းမိသားစု (ဦးတင်ဝင်း တာယာလုပ်ငန်း)က အလှူငွေကျပ်တစ်သိန်း ပေးအပ်လှူဒါန်းစဉ်။ (၂၃)

သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင် သစ်တောရေးရာဝန်ကြီးဌာန ၂၀၀၅ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးဖြင့် အောင်မြင်ခဲ့သော ဝန်ထမ်းသားသမီးများအား ဆုချီးမြှင့်ပွဲအခမ်းအနားတွင် ခြောက်ဘာသာ ဂုဏ်ထူးရရှိသူ မဝတ်ရည်ဝင်းအား ဂုဏ်ပြုဆုချီးမြှင့်စဉ်။

(သစ်တောရေးရာ)

သစ်တောရေးရာဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင် ဝန်ထမ်းသားသမီးများအား ပညာရည်ချွန်ဆုချီးမြှင့်

ရန်ကုန် ဩဂုတ် ၁၀

သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်သည် ယမန်နေ့တွင် ရန်ကုန်မြို့ အလုံမြို့နယ် မြန်မာ့သစ်လုပ်ငန်း(ရုံးချုပ်) တင်ဒါခန်းမ၌ သစ်အခြေခံ စက်မှုလုပ်ငန်းရှင်များအား တွေ့ဆုံ၍ သစ်အခြေခံ တန်ဖိုးမြှင့်ပစ္စည်း ထုတ်လုပ်ရာတွင် လုပ်ထုံးလုပ်နည်းများနှင့် အညီဆောင်ရွက်ကြရေး၊ နိုင်ငံ့အကျိုးစီးပွားနှင့် မိမိအကျိုးစီးပွား မျှတစွာထားရှိရေး၊ သစ်အခြေခံစက်မှုလုပ်ငန်းများ တိုးတက် ဖွံ့ဖြိုးအောင် ဆောင်ရွက်ရေး၊ ပြည်ပဝင်ငွေတိုးတက်ရရှိရေးနှင့် လုပ်ငန်းများကို ရိုးရိုးသားသား ဆောင်ရွက်ကြရေးတို့နှင့် စပ်လျဉ်း၍ ရှင်းလင်းမှာကြားသည်။

တက်ရောက်

ဝန်ကြီးသည် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ သစ်တောဦးစီးဌာန(ရုံးချုပ်) တော်ဝင်ခန်းမ၌ ကျင်းပသည့် ၂၀၀၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးဖြင့် အောင်မြင်ခဲ့ကြသော ဝန်ထမ်းသားသမီးများအား ဆုချီးမြှင့်ပွဲ အခမ်းအနားသို့ တက်ရောက်သည်။

ရှေးဦးစွာ ဝန်ကြီးက ခြောက်ဘာသာ ဂုဏ်ထူးရှင် နှစ်ဦးနှင့် ငါးဘာသာ ဂုဏ်ထူးရှင် ငါးဦးတို့အား ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ပညာရည်ချွန်ဆုများကို ချီးမြှင့်သည်။

ချီးမြှင့်

ထို့နောက် ဌာနဆိုင်ရာ အကြီးအကဲများက လေးဘာသာ၊ သုံးဘာသာ၊ နှစ်ဘာသာနှင့် တစ်ဘာသာ ဂုဏ်ထူးရရှိသူများအား ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ပညာရည်ချွန်ဆုများကို ချီးမြှင့်ကြပြီး ခြောက်ဘာသာ ဂုဏ်ထူးရှင် မဝတ်ရည်ဝင်းက ကျေးဇူးတင်စကား ပြောကြားသည်။

(သတင်းစဉ်)

ဆိပ်ကမ်းသာလမ်း ကျောက်တံတားမြို့နယ်နေ ဦးစိန်အောင် မိသားစုက အလှူငွေကျပ် တစ်သိန်းကို ဗြဟ္မဝိဟာရ ပရိယတ္တိစာသင်တိုက် သုဒဿနလမ်း (၁၆/၂) ရပ်ကွက် သင်္ဃန်းကျွန်းမြို့နယ်ရှိ နာရေးကူညီမှုအသင်း (ရန်ကုန်)သို့ လှူဒါန်းရာ ဒုတိယဥက္ကဋ္ဌ ဦးကျော်သူ လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်စဉ်။

(က–ပ)

မြန်မာလိဂ် အဆင့်မြင့်တန်းကွင်းဖွင့် ဘောလုံးပွဲ ဘဏ္ဍာ/အခွန်နှင့် စွန်ရဲအသင်းတို့ အနိုင်ရရှိ

ရန်ကုန် ဩဂုတ် ၁၀

၂၀၀၅–၂၀၀၆ ဘောလုံးရာသီ မြန်မာလိဂ် အဆင့်မြင့်တန်း ကွင်းဖွင့်ဖလား ဘောလုံးပြိုင်ပွဲကို ယနေ့ညနေ ၄နာရီက လူငယ်အားကစား လေ့ကျင့်ရေးစခန်း (သုဝဏ္ဏ) ဘောလုံးကွင်းနှင့် အောင်ဆန်း အားကစားပြိုင်ဝင်းတို့၌ ဆက်လက်ကျင်းပရာ (ဃ) အုပ်စုမှ လက်ရှိချန်ပီယံ ဘဏ္ဍာ/အခွန်အသင်းက ဆောက်လုပ်ရေးအသင်းကို နှစ်ဂိုး ဂိုးမရှိဖြင့် အနိုင်ရရှိပြီး စွန်ရဲက တပ်မတော် (ကြည်း) (က) ကို နှစ်ဂိုး–တစ်ဂိုးဖြင့် အနိုင်ရရှိသည်။

ဘဏ္ဍာ/အခွန်အသင်း နှစ်ဂိုး။
(စိုးမြတ်မင်းနှင့် ဇော်ထိုက်)
ဆောက်လုပ်ရေးအသင်း ဂိုးမရှိ။
ဒိုင်လူကြီး ဦးလှတင့်။

ပထမပိုင်းတွင် ဘဏ္ဍာ/အခွန်အသင်းက ပိုမိုဖိကစားနိုင်ခဲ့ပြီး ဆောက်လုပ်ရေးအသင်းက ရံဖန်ရံခါသာ ထိုးဖောက်ကစားနိုင်ခဲ့သည်။ ဘဏ္ဍာ/အခွန်အသင်းမှာ ဖိကစားနိုင်သော်လည်း တိုက်စစ်ဆင်ရာတွင် အချိတ်အဆက်များလွဲချော်နေသည်။ ၂၆မိနစ်တွင် ကျော်သူရ ပိုင်နယ်တီဧရိယာအတွင်း ဘောလုံးဆွဲယူလာစဉ် ဆောက်လုပ်ရေးနောက်ခံလူ မျိုးဝင်းထွဋ် တွန်းလှဲလိုက်၍ ဒိုင်လူကြီးက ဘဏ္ဍာ/အခွန်အသင်း ပိုင်နယ်တီ ကန်ခွင့်ပေးလိုက်သည်။ အဆိုပါ ပိုင်နယ်တီကို စိုးမြတ်မင်း ကန်သွင်းရာ ဂိုးသမား ကျော်ဇင်ထက် ကာကွယ်လိုက်နိုင်၍ ပထမပိုင်းတွင် ဂိုးမရှိ သရေကျနေသည်။

ဒုတိယပိုင်းတွင် ဘဏ္ဍာ/အခွန်အသင်းက အနိုင်ရရှိရေး တိုက်စစ်အား မြှင့်တင်ကစားလာရာ မိနစ် ၆၀တွင် ညာထောင့်ကန်ဘောကို အောင်ထွန်းလင်းက ကန်တင်ရာ စိုးမြတ်မင်းက ပြေးဝင်ခေါင်းတိုက်သွင်းယူ၍ ဘဏ္ဍာ/အခွန် ပထမဂိုး ရရှိသည်။

ဘဏ္ဍာ/အခွန် အသင်းက ဆက်လက်ဖိကစားရာမှ ၆၇မိနစ်တွင် ညာထောင့်ကန်ဘောကို ခင်မောင်ထွန်း ကန်တင်ရာ ရန်ပိုင် ခေါင်းတိုက်သွင်းယူရာ ဂိုးသမားဖမ်းရာ ပြန်ထွက်လာစဉ် ဇော်ထိုက်က ပိတ်သွင်းလိုက်၍ ဘဏ္ဍာ/အခွန်အသင်း ဒုတိယဂိုး ရရှိသွားသည်။

ယနေ့ပွဲ

ညနေ ၄နာရီ
(သုဝဏ္ဏကွင်း)
မြို့တော်စည်ပင်နှင့် စွမ်းအင်
(အောင်ဆန်းကွင်း)
လယ်ယာ/ထွက်ကုန်နှင့် ပြည်ထဲရေး။

(ကြေးမုံ)

ဘဏ္ဍာ/အခွန်မှ ရန်ပိုင်၏ ထိုးဖောက်မှုကို ဆောက်လုပ်ရေး နောက်ခံလူများ ဖျက်ထုတ်စဉ်။

(ကြေးမုံ)

မြန်မာနိုင်ငံတောင်ပိုင်းဒေသများတွင် မိုးလျော့နည်းမည်

ရန်ကုန် ဩဂုတ် ၁၀

လွန်ခဲ့သော ၂၄နာရီအတွင်း ကယားပြည်နယ်၊ စစ်ကိုင်းတိုင်းအောက်ပိုင်းနှင့် မကွေးတိုင်းတို့တွင် နေရာကွက်ကျား၊ မန္တလေးတိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် နေရာကျဲကျဲနှင့် ကျန်ဒေသများတွင် နေရာအနှံ့အပြား မိုးရွာခဲ့ပြီး ရခိုင်ပြည်နယ်တွင် နေရာကွက်၍ မိုးကြီးခဲ့သည်။

ဘင်္ဂလားပင်လယ်အော်တွင် မုတ်သုံလေ အားကောင်းရာမှ အားအလွန်ကောင်းနေသည်။

မိုးကြီးနိုင်

ဩဂုတ် ၁၁ရက် ညနေအထိခန့်မှန်းချက်မှာ ကယားပြည်နယ်၊ စစ်ကိုင်းတိုင်းအောက်ပိုင်းနှင့် မကွေးတိုင်းတို့တွင် နေရာကွက်ကျား၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ မန္တလေးတိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် နေရာကျဲကျဲနှင့် ကျန်ဒေသများတွင် နေရာအနှံ့အပြားမိုးရွာပြီး ရခိုင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန် ရာနှုန်း ၈၀ ဖြစ်သည်။

မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် ၃၅မိုင်မှ မိုင် ၄၀ထိ တိုက်ခတ်နိုင်သည်။

နောက်နှစ်ရက်အတွက် ခန့်မှန်းချက်မှာ မြန်မာနိုင်ငံ တောင်ပိုင်းဒေသများတွင် မိုးလျော့နည်းမည်။

ဧရာဝတီတိုင်းတွင် ယခုနှစ် ရေတော်မိုးတော် မိုးစပါးဧက ၃၁သိန်းကျော် စိုက်ပျိုးပြီးစီး၍ ထွန်တုံးပိတ် နွေစပါး ဧက ၁၆သိန်းကျော်၊ ပဲမျိုးစုံဧက ၁၅သိန်းကျော်၊ ဆီထွက်သီးနှံ ဧကလေးသိန်းကျော်စိုက်ရန် ရည်မှန်းထား ငါးကန် ဧကရှစ်သောင်းကျော်နှင့် ပုစွန်ဧက လေးသောင်းကို သိပ္ပံနည်းကျ မွေးမြူရေးကန်များဖြစ်အောင် ဖော်ဆောင်

ရန်ကုန် ဩဂုတ် ၁၀

ဧရာဝတီတိုင်း ၂၀၀၅–၂၀၀၆ခုနှစ် မိုးစပါး ရေတော်မိုးတော် ထွန်တုံးပိတ်ပွဲ၊ စပါးအတန်းလိုက်မျိုးစေ့ချ စိုက်စွမ်းရည်ယှဉ်ပြိုင်ပွဲနှင့် မျိုးစေ့ချကိရိယာအသုံးပြု ယှဉ်ပြိုင်ပွဲကို ယမန်နေ့နံနက် ၈ နာရီတွင် ဧရာဝတီတိုင်း ကန်ကြီးထောင့်မြို့နယ် ကွင်းယားအရှေ့ကျေးရွာ မြို့အဝင် ဧက ၄၀၀ စံပြကွက်၌ကျင်းပရာ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်း တက်ရောက်အားပေး၍ အမှာစကားပြောကြားပြီး ဆုရအသင်းများအား ဆုများကိုချီးမြှင့်သည်။

တက်ရောက်

အခမ်းအနားသို့ ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သူရမြင့်အောင်၊ တပ်မတော်အရာရှိကြီးများ၊ တိုင်းစိုက်ပျိုးရေးကြီးကြပ်မှုကော်မတီဝင်များ၊ ဧရာဝတီတိုင်းအတွင်းရှိ ခရိုင်နှင့် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများနှင့်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်း အဖွဲ့ဝင်များ၊ ပြိုင်ပွဲဝင် ခရိုင်ကိုယ်စားပြုအသင်းများနှင့် ဒေသခံတောင်သူများ တက်ရောက်ကြသည်။

ရှေးဦးစွာ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းက အမှာစကားပြောကြားရာတွင် နိုင်ငံတော်၏စီးပွားရေးသည် အဓိကအားဖြင့် စိုက်ပျိုးရေးအပေါ်တွင် မူတည်လျက်ရှိကြောင်း၊ အလားတူစွာ အများစုဖြစ်သည့် ကျေးလက်နေပြည်သူများ၏ စီးပွားရေးတိုးတက်မှုမှာလည်း စိုက်ပျိုးရေးအပေါ်တွင် မူတည်လျက်ရှိသည်ကို တွေ့ရမည်ဖြစ်ကြောင်း၊ စိုက်ပျိုးရေး တိုးတက်မှ ပြည်တွင်းစားသုံးမှုဖူလုံပြီး ပိုလျှံသည့်သီးနှံများကို နိုင်ငံခြားသို့တင်ပို့နိုင်မှသာ နိုင်ငံတော်၏ စီးပွားရေးသည်လည်း တောင့်တင်းခိုင်မာလာမည်ဖြစ်ကြောင်း။

ပြည်ပပို့ကုန်

မြန်မာနိုင်ငံအနေဖြင့် ပြည်တွင်းစားသုံးမှုအတွက် အရေးကြီးသည့်အပြင် ပြည်ပပို့ကုန်ဖြစ်သည့် အဓိကသီးနှံ ၁၀ မျိုး၊ အမယ်သစ်သုံးမျိုး၊ နှစ်ရှည်သီးနှံသုံးမျိုးကို ပြည်နယ်နှင့်တိုင်းများအတွက် နှစ်စဉ်လျာထား သတ်မှတ်ချက်များချပေးပြီး စီမံကိန်းနှင့်အညီ တိုးတက်အောင် စိုက်ပျိုးစေလျက်ရှိကြောင်း။

ယခုနှစ် ဧရာဝတီတိုင်း၌ မိုးစပါး ဧက ၃၆သိန်း စိုက်ပျိုးရန် ရည်မှန်းချက်ထားရှိပြီး ဤအထဲမှ ယခု ရေတော်မိုးတော် မိုးစပါးဧက ၃၁ သိန်းကျော် ရာနှုန်းပြည့်စိုက်ပျိုးပြီး၍ ထွန်တုံးပိတ်နိုင်ခြင်းဖြစ်သည့်အတွက် ဧရာဝတီတိုင်းသာမက နိုင်ငံတော်အတွက်ပါ ဂုဏ်ယူရမည့်နေ့ဖြစ်ကြောင်း။

ဧရာဝတီတိုင်းအနေဖြင့် ယခုနှစ် မိုးစပါးပြီးလျှင် နွေစပါးဧက ၁၆သိန်းကျော်စိုက်ရန်၊ ပဲမျိုးစုံဧက ၁၅သိန်းကျော်စိုက်ရန်၊ ဆီထွက်သီးနှံဧက လေးသိန်းကျော်စိုက်ရန် ရည်မှန်းချက်များ ပြည့်မီရေးအတွက် စနစ်တကျစီမံချက်ချ ကြိုတင်ပြင်ဆင်ညှိနှိုင်းထားရန်လိုကြောင်း၊ အဓိကသီးနှံ ၁၀ မျိုးကိုစိုက်သည့်နေရာတွင် သာမန်စိုက်ပျိုးရုံမဟုတ်ဘဲ သီးထပ်သီးညှပ်စိုက်ပြီး ဧကများတိုးပြီး စိုက်စွမ်းအားမြှင့်တင်ရန်၊ သတ်မှတ်တစ်ဧကအထွက်နှုန်းများ ပြည့်မီရန်ကိုပါ ကြိုတင်စီမံတွက်ချက်ဆောင်ရွက်ရန် အရေးကြီးကြောင်း။

စာမျက်နှာ ၁၂ ကော်လံ ၁ သို့ ☆

ဆုချီးမြှင့်

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်း မျိုးစေ့ချကိရိယာအသုံးပြု ယှဉ်ပြိုင်ပွဲတွင် ပထမဆုရရှိသော ပုသိမ်ခရိုင်အသင်းအား ဆုချီးမြှင့်စဉ်။ (သတင်းစဉ်)

မှတ်သားဖွယ်ရာ မိုးရေချိန်များ

၁၀–၈–၂၀၀၅

သံတွဲ	၃ ဒသမ	၁၉ လက်မ
မော်ဘီ	၂ ဒသမ	၆၄ လက်မ
သထုံ	၂ ဒသမ	၂၀ လက်မ
မော်လမြိုင်	၁ ဒသမ	၉၇ လက်မ

တာဝန်မှ ရပ်စဲခြင်း

ပြည်ထောင်စုမြန်မာနိုင်ငံတော်
နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ

(အမိန့်အမှတ် ၁၂/၂၀၀၅)

၁၃၆၇ ခုနှစ်၊ ဝါခေါင်လဆန်း ၆ ရက်
(၂၀၀၅ ခုနှစ်၊ ဩဂုတ်လ ၁၀ ရက်)

တာဝန်မှရပ်စဲခြင်း

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဦးသန်းအောင်အား ယနေ့မှစ၍ တာဝန်မှရပ်စဲလိုက်သည်။

အမိန့်အရ

(ပုံ) သိန်းစိန်
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး(၁)
နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ

တာဝန်မှ အနားယူခွင့်ပြုခြင်း

ပြည်ထောင်စုမြန်မာနိုင်ငံတော်
နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ

(အမိန့်အမှတ် ၁၃/၂၀၀၅)

၁၃၆၇ ခုနှစ်၊ ဝါခေါင်လဆန်း ၆ ရက်
(၂၀၀၅ ခုနှစ်၊ ဩဂုတ်လ ၁၀ ရက်)

တာဝန်မှအနားယူခွင့်ပြုခြင်း

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် အောက်ဖော်ပြပါ ဝန်ကြီးများအား ယနေ့မှစ၍ တာဝန်မှ အနားယူခွင့်ပြုလိုက်သည်–

(၁) ဦးသန်းရွှေ ဝန်ကြီးချုပ်ရုံး
(၂) ဗိုလ်မှူးချုပ်ပြည့်စုံ ဝန်ကြီးချုပ်ရုံး

အမိန့်အရ

(ပုံ) သိန်းစိန်
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး(၁)
နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ

အစိုးရအဖွဲ့ဝင်ဝန်ကြီးခန့်အပ်တာဝန်ပေးခြင်း

ပြည်ထောင်စုမြန်မာနိုင်ငံတော်
နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ

(အမိန့်အမှတ် ၁၄/၂၀၀၅)

၁၃၆၇ ခုနှစ်၊ ဝါခေါင်လဆန်း ၆ ရက်
(၂၀၀၅ ခုနှစ်၊ ဩဂုတ်လ ၁၀ ရက်)

အစိုးရအဖွဲ့ဝင်ဝန်ကြီး ခန့်အပ်တာဝန်ပေးခြင်း

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် ဒေါက်တာချမ်းငြိမ်းအား ပညာရေးဝန်ကြီးဌာန ဝန်ကြီးအဖြစ် ယနေ့မှစ၍ ခန့်အပ်တာဝန်ပေးလိုက်သည်။

အမိန့်အရ

(ပုံ) သိန်းစိန်
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး(၁)
နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ

ဒုတိယဝန်ကြီး ခန့်အပ်တာဝန်ပေးခြင်း

ပြည်ထောင်စုမြန်မာနိုင်ငံတော်
နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ

(အမိန့်အမှတ် ၁၅/၂၀၀၅)

၁၃၆၇ ခုနှစ်၊ ဝါခေါင်လဆန်း ၆ ရက်
(၂၀၀၅ ခုနှစ်၊ ဩဂုတ်လ ၁၀ ရက်)

ဒုတိယဝန်ကြီး ခန့်အပ်တာဝန်ပေးခြင်း

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် ဗိုလ်မှူးကြီးသူရိန်ဇော်အား အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီးအဖြစ် ယနေ့မှစ၍ ခန့်အပ်တာဝန်ပေးလိုက်သည်။

အမိန့်အရ

(ပုံ) သိန်းစိန်
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး(၁)
နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ